# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်၊ စနေနေ့။ Saturday, 10 December 2016 (၈၇၇၁)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည်မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသောစိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# လျှင်ဒဏ်ကြောင့် ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်ရန် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ မှာကြား





ဒုတိယသမ္မတ ဦးမြင့်ဆွေ လောကနန္ဒာဘုရား ရှေးမူမပျက် ပြန်လည်ပြင်ဆင်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများ၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပျက်စီးခဲ့သည့် ရှေးဟောင်း ပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျမှတ်တမ်းရယူ သိမ်းဆည်းထားမှု၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ဝန်ထမ်းများပူးပေါင်း၍ ရှေးမူမပျက်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပျက်စီးထိခိုက်မှုများ ဆက်လက်မဖြစ်ပေါ်အောင် ယာယီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ထိခိုက်ပျက်စီးမှုမရှိသည့် ဘုရားပုထိုး၊ စေတီများသို့ ဘုရားဖူးဧည့်သည်များ ဝင်ရောက်ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် အရေးပေါ်ဆောင်ရွက်ရမည့်လုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ခြေရာလက်ရာမပျက် စနစ်တကျ မှတ်တမ်းရယူထိန်းသိမ်းရန်၊ ပြန်လည်ပြုပြင်ရာတွင်လည်း နိုင်ငံတကာပညာရှင်များ၊ ယူနက်စကိုမှ ပညာရှင်များ၏ အကြံပြုချက်များကိုရယူပြီး အလေးထားဆောင်ရွက်ရန်၊ ယခုလိုပြုပြင်ဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်အောင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# သက်ဝင်လှုပ်ရှား ရန်ကုန်မြို့လမ်းမများပွဲတော်ကို မော်တော်ယာဉ်ကင်းမဲ့လမ်းများအဖြစ် သတ်မှတ်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် သက်ဝင်လှုပ်ရှား ရန်ကုန်မြို့လမ်းမများပွဲတော်ကို ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် ညနေပိုင်းတွင် ကျင်းပသွားမည်ဖြစ်ရာ လမ်းသွားလမ်းလာများ အဆင်ပြေမှုရှိစေရန်အတွက် မော်တော်ယာဉ်ကင်းမဲ့လမ်းများအဖြစ် သတ်မှတ်ကျင်းပသွားမည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ သိရသည်။

သက်ဝင်လှုပ်ရှား ရန်ကုန်မြို့လမ်းမများပွဲတော်သည် ရန်ကုန်မြို့၏ သမိုင်းဝင်နေရာများတွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်သော မြို့ပြရှုခင်းကို ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး နားလည်သဘောပေါက် တန်ဖိုးထားမှုကို မြှင့်တင်ရန် ရည်ရွယ်သော အခမ်းအနားတစ်ခုအဖြစ် ကျင်းပခြင်းဖြစ်သည်ဟုသိရပြီး ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် ညနေ ၅ နာရီမှ ည ၉ နာရီ အထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော် ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ရန်ကုန်မြို့နေ မြို့တော်သူ မြို့တော်သားများနှင့် စီးပွားရေးလုပ်ငန်းများအားလုံးတို့က ရန်ကုန်မြို့ရှိ သမိုင်းဝင် အမွေအနှစ် အဆောက်အအုံများကို ပြန်လည်တန်ဖိုးထားစေရန်၊ မြို့တော်အတွင်း လမ်းလျှောက်သူ လမ်းသွားလမ်းလာများအတွက် သာယာအဆင်ပြေမှုကိုပြန်လည်ထည့်သွင်းစဉ်းစားနိုင်စေရန်၊ သာယာလှပ၍ဆွဲဆောင်မှုရှိသော

**စာမျက်နှာ ၃ ကော်လံ ၄ သို့**


KBZ BANK
STRENGTH OF MYANMAR
သန္တါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# တည်ငြိမ်အေးချမ်းမှုကိုတည်ဆောက်

မြန်မာနိုင်ငံသည် မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်ကမ်းရိုးတန်းများ၊ တောတောင် ချိုင့်ဝှမ်းလွင်ပြင်တန်းများစသည့် သဘာဝပတ်ဝန်းကျင်ကောင်းများစွာ စုံလင်သည့်နိုင်ငံဖြစ်သည်။ ရာသီဥတုမှာလည်း နေရာဒေသအလိုက် အပူအအေး စွတ်စိုခြောက်သွေ့မှု မျှတစုံလင်သည်။ ထိုသို့ သဘာဝပတ်ဝန်းကျင် အနေအထားကောင်းများ မျှတစွာ တည်ရှိသောကြောင့် ထူးခြားသည့်နိုင်ငံ၊ နေချင်စဖွယ်ကောင်းသော နိုင်ငံဟု ဆိုရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် အထူးကောင်းမွန်သောဒေသများ နိုင်ငံအနှံ့တည်ရှိရာတွင် ရခိုင်ပြည်နယ်သည် ထိပ်ဆုံးမှပါဝင်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုကောင်းမွန်သော အနေအထားရှိသည့် ရခိုင်ပြည်နယ်တွင်ပင် ပြည်ပ ကုန်သွယ်မှုဝင်ပေါက်တစ်ခု သို့မဟုတ် မြန်မာနိုင်ငံ၏အနောက်ဘက်တံခါးပေါက်တစ်ခု သို့မဟုတ် ရေမြေရာသီဥတုကောင်းမွန်သော နေရာတစ်ခုမှာ မောင်တောဒေသဖြစ်သည်။

အဆိုပါနေချင်စဖွယ်ကောင်းသော မြန်မာနိုင်ငံ၏ အိမ်တံခါးပေါက်နေရာလေးတစ်ခုမှာ ယခုအခါ အကျည်းတန်အရုပ်ဆိုးဖွယ် ဖြစ်ခဲ့ရသည်။ မကြာသေးမီက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ပြည်တွင်း၊ ပြည်ပ စိုးရိမ်ပူပန်မှုမြင့်တက်လာသော ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ အနောက်တံခါးပေါက်၊ ရခိုင်ပြည်နယ် မောင်တောဒေသ၏ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ လူမှုစီးပွားဘဝအနေအထားများကို သိရှိထား သင့်သည်။ ထို့အပြင်သမိုင်းဖြစ်စဉ်အမှန်များနှင့် လက်ရှိဖြစ်ပေါ်နေသော အနေအထားများကိုလည်း မှန်မှန်ကန်ကန် ဓမ္မဓိဋ္ဌာန်ကျကျ သိရှိလေ့လာထားသင့်သည်။

ရေကြောင်းနှင့်လေကြောင်းခရီးကိုသာ အဓိကအားကိုးအားထားပြုရသည့် ရခိုင်ပြည်နယ်တွင် တောင်မှမြောက်သို့ သွယ်တန်းလျက် ဘင်္ဂလားပင်လယ်အော်အတွင်း စီးဝင်လျက်ရှိသည့် မြစ်ချောင်းကြီးများမှာ အဖိုးအနဂ္ဃထိုက်တန်သော သဘာဝလက်ဆောင်များဖြစ်သည်။ မြစ်ကြီးများမှာ နတ်မြစ်၊ မယူမြစ်(မေယုမြစ်)၊ ကုလားတန်မြစ် (ကစ္ဆပနဒီမြစ်) နှင့် လေးမြို့မြစ်များဖြစ်သည်။

နတ်မြစ်သည် မောင်တောမြို့နယ်တွင်တည်ရှိပြီး မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အား နယ်နိမိတ်ပိုင်းခြားထားသည့် နယ်စပ်မြစ်ဖြစ်သည်။ မြစ်ရေသည် မြောက်ဘက်တောင်ကုန်းများမှ စီးဆင်းလာပြီး တောင်ဘက် မောင်တောမြို့အနီးမှ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက် အစွန်ဆုံးမြို့မှာ မောင်တောမြို့ဖြစ်ပြီး ရေမြေသဘာဝအရ နေချင်စဖွယ်ကောင်းသော မြို့တစ်မြို့ဖြစ်ပါသည်။

မောင်တောမြို့မှ မြောက်ဘက် ၃၅ မိုင်ကွာဝေးသော တောင်ပြိုလက်ဝဲမြို့နယ်ခွဲဆီသို့ နတ်မြစ်ကြောင်းအတိုင်း နေ့စဉ်သွားလာနိုင်သည်။ နတ်မြစ်၏အထက်ပိုင်းတွင် ကျယ်ပြန့်သောလွင်ပြင်များရှိ၍ ဆန်စပါးကိုကောင်းစွာ စိုက်ပျိုးနိုင်သလို မြစ်အောက်ပိုင်းတွင်လည်း ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ မင်္ဂလာတောင်တန်းမှထွက်သော ဝါး၊ ကြိမ်နှင့်သစ်များကို ပြူးမချောင်းမှတစ်ဆင့် နတ်မြစ်အတွင်း မျှောထုတ်ကြသည်။ နတ်မြစ်ကိုအမှီပြု၍ လယ်ယာအထွက်ကောင်းသဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းများစွာ ရရှိသည်။ လူဦးရေကွာဟမှုကြီးမားသည့် အသွင်မတူသော နှစ်ဖက်လူ့အဖွဲ့အစည်းမှာ ပွတ်တိုက်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။

မောင်တောဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု လတ်တလောတုံ့ဆိုင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။ နယ်မြေမအေးချမ်းလျှင် ဒေသနေပြည်သူများအားလုံး အလုပ်အကိုင်ပျက်၊ စီးပွားပျက်ဖြစ်ကြရသည်။ ဤအဖိုးတန်သော မြန်မာ့မြေတွင် အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်ကြမည်ဆိုပါက ဤနိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်က နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ လူသားချင်းစာနာရေး၊ ပြန်လည်ထူထောင်ရေး စသည်တို့ကို ဆောင်ရွက်ပေးနေရာ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ ။

## NeID အထောက်အကူပြုစာရင်းကောက်ယူခြင်းလုပ်ငန်း ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်အစိုးရ၏ e-Government Master Plan တွင် လက်ရှိနိုင်ငံသားစိစစ်ရေး ကတ်ပြားများအား Smartcard အမျိုးသားအီလက်ထရွန်နစ် မှတ်ပုံတင်လုပ်ငန်းဖြင့် National Electronic ID (NeID) ပြောင်းလဲထုတ်ပေးရေးလုပ်ငန်းသည် အဓိကဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားအား NeID အဖြစ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် လိုအပ်သည်များကို အသေးစိတ်လေ့လာ လုပ်ဆောင်လျက်ရှိသည်။



NeID လုပ်ငန်းစဉ်အတွက် လိုအပ်သည့် အထောက်အကူပြုစာရင်းကောက်ယူခြင်းလုပ်ငန်း ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက် ဗုဒ္ဓနုဂ္ဂဟ သာသနာ့ဗိမာန်၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးသောင်းဇော်၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ယင်းလုပ်ငန်းစဉ်အား ပုဗ္ဗသီရိမြို့နယ်ရှိ ရပ်ကွက်များအလိုက် စီမံချက်အရ လှည့်လည် ကွင်းဆင်းဆောင်ရွက်မည်ဖြစ်သည်။

NeID အထောက်အကူပြု စာရင်းကောက်ယူရာတွင် အိမ်ထောင်စုလူဦးရေ စာရင်းပါအမည်နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ ရေးသွင်းခြင်းတို့ကို ခေတ်မီ IT နည်းပညာများ အသုံးပြု၍ လုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်တွင်လည်း အလားတူ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်မှုအပေါ်မူတည်၍ အားနည်းချက်၊ အားသာချက်များ ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ပြီး လိုအပ်သည်များပြင်ဆင်ကာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၌လည်း NeID အထောက်အကူပြု စာရင်းကောက်ယူခြင်း ရွှေ့ပြောင်းစမ်းသပ်ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့သို့ အောက်တိုဘာလအထိ ကမ္ဘာလှည့်ခရီးသွား နှစ်သိန်းရှစ်သောင်းကျော် ဝင်ရောက်မှုရှိလာ

**မန္တလေး ဒီဇင်ဘာ ၉**

ခရီးသွားရာသီရောက်ရှိလာသဖြင့် မန္တလေးမြို့သို့ ဝင်ရောက်လာကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဦးရေမှာ ၂၀၁၆ ခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၂၈၄၇၁၁ ဦးရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စာရင်းများအရ သိရသည်။

"ခရီးသွားလုပ်ငန်းက လက်ရှိနိုင်ငံရေးအခြေအနေနဲ့ ခန့်မှန်းတွက်ချက်ရပါတယ်။ ကမ္ဘာ့အရပ်ရပ်နဲ့ ဆက်သွယ်ပျံသန်းတဲ့ လေကြောင်းလိုင်းတွေ မြန်မာနိုင်ငံမှာ ဆင်းသက်ပြီး အခေါက်ရေများလာတဲ့အပေါ်မှာလည်း ဧည့်သည်အနည်း၊အများက မူတည်တယ်" ဟု ယင်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသွားဦးရေမှာ ၂၀၁၄ ခုနှစ်စာရင်းများအရ ၂၄၂၅၆၆ ဦးရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ခရီးသွားဧည့်သည်ပေါင်း ၃၀၆၄၃၂ ဦး ဝင်ရောက်ခဲ့သဖြင့် ၂၀၁၄ ခုနှစ်ကထက် ၂၆ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။

ယခုနှစ်ဝင်ရောက်မှု စာရင်းများအရ ဇန်နဝါရီလတွင် ၄၀၅၃၃ ဦး၊ ဖေဖော်ဝါရီလတွင် ၃၉၁၅၀၊ မတ်လတွင် ၃၈၃၈၄ ဦး၊ ဧပြီလတွင်၂၀၂၆၂ ဦး၊ မေလတွင် ၂၁၀၈၀၊ ဇွန်လတွင် ၁၇၉၈၈ ဦး၊ ဇူလိုင်လတွင် ၂၃၇၄၈ ဦး၊ ဩဂုတ်လတွင် ၂၆၂၂၈ ဦး၊ စက်တင်ဘာလတွင် ၂၃၁၃၁ ဦးနှင့် အောက်တိုဘာလတွင် ၃၄၂၀၇ ဦး လာရောက်လည်ပတ်လျက်ရှိရာ ၁၀ လတာအတွင်း ၂၈၄၇၁၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ခရီးသွားကုမ္ပဏီတွေက ငှက်လှေတွေကို ကြိုတင်ငှားထားတာရှိတယ်။ ဧည့်သည်များရင် ရှိတဲ့ငှက်လှေနဲ့ မလောက်ဘူး။ အောက်တိုဘာလကစပြီး ဧည့်သည်တွေများလာတတ်ပေမယ့် ငှက်လှေဈေးနှုန်းက ပုံမှန်ကျပ် ၈၀၀၀ ပဲယူတယ်"ဟု တောင်သမန်ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် လေးသိန်းဝင်ရောက်ရန် ခန့်မှန်းထားပြီး ဟိုတယ်အလုံးရေ ၁၆၈ လုံး အခန်းပေါင်း ၆၇၈၈ ခန်းကိုလည်း ဖွင့်လှစ်ခွင့်ပြုထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကချင်ပြည်နယ်အတွင်း အိုင်စီအာရ်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်း

**မြစ်ကြီးနား ဒီဇင်ဘာ ၉**

ကချင်ပြည်နယ်အတွင်း အိုင်စီအာရ်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပွဲကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံး ဒုတိယထပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထက်အောင်က အဖွင့်အမှာစကားပြောကြားကာ မြစ်ကြီးနား အိုင်စီအာရ်စီ ကိုယ်စားလှယ်ရုံးခွဲ ဒု-တာဝန်ခံ Mr.Enrigue က အိုင်စီအာရ်စီနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ပထမတန်း) ဦးဒေါင်ဟောင်းက မြန်မာနိုင်ငံ ကြက်ခြေနီအကြောင်း သိကောင်းစရာများကို ပြောကြားပြီး အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစိမ်းရောင် လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲမှု သင်တန်းဖွင့်

**ဖြူး ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲမှုသင်တန်းကို ဖြူးမြို့ မဟာစည်ခန်းမ၌ ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်နှင့် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်တို့က အမှာစကားပြောကြားပြီး စိမ်းလန်းအမိမြေဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အဖွဲ့ခေါင်းဆောင် ဦးနေမင်းမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မြစိမ်းရောင် စီမံကိန်းကျေးရွာဝင် ၃၃ရွာမှ သင်တန်းသားသင်တန်းသူ ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူး-မြင့်ဦး)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှံ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဩ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်တွင်းရေးရာ

■ ရှေ့ဖုံးမှ

သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း စနစ်တကျ ပြုပြင်ရန်၊ သတ်မှတ်အချိန်ကာလအတိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ရန်၊ အသုံးစရိတ်များကို စနစ်တကျစာရင်းဇယားပြုစု၍ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ထားရန်တို့အပြင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ငလျင်ဒဏ်ခံနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ငလျင်ဒဏ်သင့်၍ ပျက်စီးခဲ့သော အလိုတော်ပြည့်၊ စူဠာမဏိဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ မဟာဂူကြီးဘုရား၊ မင်္ဂလာစေတီနှင့် လောကနန္ဒာဘုရားတို့သို့ သွားရောက်ဖူးမြော်ပြီး ယာယီအမိုးအကာပြုလုပ်ခြင်း၊ ယာယီငြမ်းဆင်၍ ငြမ်းဖြင့်ညှပ်ထိန်းခြင်း၊ အက်ကြောင်းများဖာထေးခြင်း၊ အတွင်းအပြင်မှ ယာယီထောက်ဖြင့်ထိန်းခြင်း၊ ယာယီခါးပတ် ပတ်ထိန်းခြင်း၊ အလေးဝန်လျော့စေရန် ပျက်စီးအစိတ်အပိုင်းများ ရှင်းလင်းခြင်း၊ ယာယီရေပိတ်လွှာပြုလုပ်ခြင်း၊ နံရံပန်းချီများအားအရေးပေါ်ကြံ့ခိုင်အောင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေးမူမပျက်ဆက်လက်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသည် နှစ်ပေါင်း ၁၀၀၀ ကျော် ရှည်ကြာပြီဖြစ်ပြီး မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် ဒေသဖြစ်သည်သာမက ကမ္ဘာတစ်ဝန်းကပါ စိတ်ဝင်တစားလာရောက်ကြည့်ရှုရသည့် နေရာဒေသတစ်ခုဖြစ်သည်။

အဆိုပါဒေသသည် ရှေးဟောင်းအဆောက်အအုံပေါင်းများစွာ တစုတဝေးတည်ရှိသည့်နေရာတစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ရစ်ခ်ျစတာစကေး အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကြောင့် စေတီပုထိုးပေါင်း ၃၈၉ ဆူခန့် ထိခိုက်ပျက်စီးခဲ့ရသည်။

(သတင်းစဉ်)

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် API မှ ဒါရိုက်တာနှင့် HD Centre မှ အမှုဆောင်ညွှန်ကြားရေးမှူးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၉**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် American Jewish Committee' Asia Pacific Institute(API)မှ ဒါရိုက်တာ Mrs. Shira Loewenberg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနိုင်ငံတို့၏ သမိုင်းကြောင်းနှင့် ဂျူးလူမျိုးများ၏ ရှင်သန်ရပ်တည်မှု၊ အစ္စရေးနိုင်ငံ၏ ရှင်သန်ရပ်တည်မှုနှင့် ကမ္ဘာအနှံ့ရှိ ဂျူးလူမျိုးများ၏ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်မှုများကို လက်ခံကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲ ၂ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် Centre for Humanitarian Dialogue (HD Centre)မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. David Harland ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ Mr. David Harland က မိမိတို့အဖွဲ့အနေဖြင့် ဆီးရီးယား၊ တရုတ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့၏ ပဋိပက္ခဖြေရှင်းမှုများတွင် ပါဝင်ဆွေးနွေးလုပ်ဆောင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■



## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ပါ အခြေခံအချက်များအပေါ်မူတည်လျက် ထာဝရငြိမ်းချမ်းရေးနှင့်နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မုံးကိုးတိုက်ပွဲဖြစ်စဉ်နှင့်လောက်ကိုင်တိုက်ပွဲဖြစ်စဉ်များအပေါ် လက်နက်ကိုင်အဖွဲ့၏ ရည်ရွယ်ချက်နှင့် တပ်မတော်မှ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်အနီးလက်နက်ကိုင်များ၏ အရပ်သားအသွင် ဝင်ထွက်သွားလာမှုထိန်းချုပ်နိုင်ရေးအပေါ် ထိန်းချုပ်နိုင်မည့်အခြေအနေများအပြင် စစ်ရေးမဟုတ်သည့် အရပ်သားပစ်မှတ်များအပေါ် ရည်ရွယ်ချက်ရှိရှိဖြင့်ဆောင်ရွက်ခဲ့မှုများကိုဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

■ သက်ဝင်လှုပ်ရှားမှ

အနာဂတ်မြို့ပြရှုခင်းကို မျှော်မှန်းနိုင်စေရန်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကျင်းပရာတွင် မော်တော်ယာဉ်ကင်းမဲ့လမ်းများအဖြစ် ပွဲတော်နေရာအတွင်းသို့ မော်တော်ယာဉ်များ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ ပွဲတော်အတွင်း အမျိုးသားအနုပညာနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ အနုပညာရှင်များ၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ မြန်မာ့ရိုးရာလက်မှုအနုပညာဆိုင်များ၏ ပြခန်းများနှင့် ဆိုင်ခန်းများပါဝင်မည်ဖြစ်သည်။

ယင်းအပြင် ရန်ကုန်မြို့ပြသမိုင်းနှင့် သမိုင်းအမွေအနှစ် အဆောက်အအုံများနှင့်ပတ်သက်သော ပြခန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (သန်လျင်)မှ ကျောင်းသားကျောင်းသူများက ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)၏ပူးပေါင်းလမ်းညွှန်ကူညီမှုဖြင့် ပြသသွားမည်ဖြစ်သည်။ ယင်းအပြင် သမိုင်းဝင်အဆောက်အအုံများသို့လည်း လိုက်လံပို့ဆောင်ပေးမည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို သမိုင်းဝင်အမွေအနှစ်များကို ထိန်းသိမ်းရင်း ကောင်းမွန်သောအနာဂတ်ကို ဖန်တီးခြင်းဟူသောဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်ကင်းမဲ့လမ်းများအဖြစ် သတ်မှတ်ကျင်းပမည်ဖြစ်သည့်အတွက် အဆိုပါပွဲတော်ရက်တွင် လမ်းလွှဲခြင်းများ ပြုလုပ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

သတင်း-ဆုနှင်းလဲ့
ဓာတ်ပုံ-စိုးဝင်း(MLA)





## ရခိုင်လူမျိုး၊ မျိုးနွယ်စုများ၏ ဘာသာစကား၊ စာပေဆိုင်ရာ ရှားပါးစာအုပ်များ စုဆောင်းပြသထား

**စစ်တွေ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးပြတိုက်ငယ် (Museum) တွင် ရခိုင်လူမျိုး၊ မျိုးနွယ်စုများ၏ ဘာသာစကား ၊ စာပေဆိုင်ရာ သုတ၊ ရသစာအုပ်ပေါင်း ၄၅ အုပ်အား တိုင်းရင်းသားလူမျိုးများ၏ စာပေကဏ္ဍ ရေရှည်ရှင်သန်ထိန်းသိမ်းနိုင်ရေးအတွက် ရည်ရွယ်၍ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီမှ စတင်ပြီး မှတ်တမ်းစာပေအနေဖြင့် စုဆောင်းပြသထားရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

❖

ကြေးမုံ

ဒီဇင်ဘာ ၁၀၊ ၂၀၁၆

# ရာထူးမှ ယာယီဆိုင်းငံ့ကာလအတွင်း ပြည်သူများအား စောင့်ရှောက်ကြရန် အစိုးရအဖွဲ့အား သမ္မတပတ်ဂွန်ဟေးမှာကြား





**ဆိုးလ် ဒီဇင်ဘာ ၉**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးက သူ့အား ရာထူးမှ ယာယီဆိုင်းငံ့ထားသည့်ကာလအတွင်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို စောင့်ရှောက်ကြရန် ယနေ့ အစည်းအဝေးတစ်ရပ်ကျင်းပစဉ် သူ၏အစိုးရအဖွဲ့အား မှာကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ် အရ သိရသည်။

ဒီဇင်ဘာ ၉ ရက် လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက် အရ သမ္မတပတ်ဂွန်ဟေးအား သူ၏အရှုပ်တော်ပုံများနှင့် ပတ်သက်ပြီး တရားစွဲဆိုမှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် သမ္မတရာထူးမှ ယာယီဆိုင်းငံ့ခဲ့သည်။

သမ္မတပတ်သည် ရာထူးမှ ယာယီဆိုင်းငံ့ခြင်းမပြုမီ သူ့အစိုးရအဖွဲ့နှင့် အရေးကြီးအစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး အစိုးရအဖွဲ့ဝင် တာဝန်ရှိသူများအား တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရုံသာမက လုံခြုံရေးခြိမ်းခြောက်မှုများနှင့်လည်း ရင်ဆိုင်နေရချိန်တွင် ထိုသို့ အရှုပ်တော်ပုံများပေါ်ပေါက်ခဲ့ ခြင်းအတွက် တောင်းပန်ပါကြောင်း သမ္မတပတ်က ဆိုသည်။

ထို့ပြင် အစိုးရအဖွဲ့ဝန်ကြီးများအား ၎င်းအနေဖြင့် ရာထူးမှ ယာယီဆိုင်းငံ့နေရစဉ် ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ဥစ္စာများကို စောင့်ရှောက်ကြရန် သမ္မတ ပတ်က မှာကြားခဲ့သည် ။

လွှတ်တော်အတွင်း ယနေ့မဲခွဲဆုံးဖြတ်ရာတွင် အရှုပ်တော်ပုံများနှင့်ပတ်သက်ပြီး သမ္မတပတ်အား ရာထူးမှ ယာယီဆိုင်းငံ့ကာ တရားစွဲဆိုရန် ထောက်ခံသည့် မဲ ၂၃၄ မဲရရှိခဲ့ပြီး မထောက်ခံသည့်မဲ ၅၆ မဲရရှိခဲ့သည်။ မဲအရေအတွက် ၂၀၀ ကျော်ရရှိခဲ့သည့်အတွက် သမ္မတ အားရာထူးမှ နုတ်ထွက်ရန် တောင်းဆိုသည့်အဆို အထမြောက်ခဲ့သည်။

ယနေ့မဲခွဲဆုံးဖြတ်ရာတွင် သမ္မတပတ်နှင့်အတူ တာဝန် ထမ်းဆောင်ကြသည့် အာဏာရပါတီမှ အဖွဲ့ဝင်များသည်ပင် ယင်းအဆိုကို ထောက်ခံမဲပေးခဲ့သည်။

တောင်ကိုရီးယား ဝန်ကြီးချုပ် ကျို-အာန်က သမ္မတ ပတ်ဂွန်ဟေး တရားရင်ဆိုင်နေရသည့်ကာလအတွင်း (သို့) သမ္မတရာထူးမှ ယာယီဆိုင်းငံ့ထားသည့် ကာလအတွင်းတွင် သမ္မတရာထူးတာဝန်များကို ယာယီတာဝန်ယူ ထမ်းဆောင် မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



## လူမှုကွန်ရက်မီဒီယာနှင့် စိတ်ကျန်းမာရေးဆက်နွယ်ပုံ သုတေသနပြုလေ့လာ

**မဲလ်ဘုန်း ဒီဇင်ဘာ ၉**

လူမှုကွန်ရက် မီဒီယာသည် လူအချို့၏ စိတ်ကျန်းမာရေး အတွက် အကျိုးကျေးဇူးရနိုင်ဖွယ်ရှိကြောင်း သြစတြေးလျ နိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်နှင့် မိုနက်တက္ကသိုလ်တို့က ပူးတွဲသုတေသနပြုလုပ်သော လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဖေ့စ်ဘွတ်၊ တွစ်တာနှင့် မိုင်စပေ့စ်တို့ ကဲ့သို့သော လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ သုံးစွဲခြင်းသည် သုံးစွဲသူ အများအပြား၏ စိတ်ကျန်းမာရေးအတွက် အထောက် အကူပြုကြောင်း အဆိုပါလေ့လာချက်တွင် ဖော်ပြထား သည်။

သို့ရာတွင် လူမှုကွန်ရက်မီဒီယာသည် လူမှုရေး စိုးရိမ် စိတ်ရှိသူများအတွက် စိတ်ဖြေစရာ ကိရိယာတစ်ခုဖြစ်သော်လည်း အဆိုးမြင်သူများနှင့် လူမှုကွန်ရက်မီဒီယာကို စွဲစွဲလမ်းလမ်း သုံးစွဲသူများအတွက် ကောင်းကျိုးမပြုနိုင် ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

■

## ဘိုးသက်ရှည်အာကာသယာဉ်မှူးဟောင်းကြီး ဂျွန်ဂလင်းကွယ်လွန်

**ဝါရှင်တန် ဒီဇင်ဘာ ၉**

ကမ္ဘာ့အသက်အကြီးဆုံး အာကာသ ယာဉ်မှူးဟောင်းကြီးနှင့် ကမ္ဘာ့ပတ် လမ်းကြောင်းထဲသို့ ရောက်ရှိသူ ပထမဆုံး အမေရိကန်နိုင်ငံသား လည်းဖြစ်၊ ၂၀ ရာစုနှစ်၏အထင်ကရ နယ်ပယ်သစ်စူးစမ်းလေ့လာသူလည်း ဖြစ်သူ ဂျွန်ဂလင်းသည် ဒီဇင်ဘာ ၈ ရက်တွင် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်တွင် ကွယ်လွန် သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၉ ရက် တွင် သတင်းထုတ်ပြန်သည်။

အာကာသယာဉ်မှူးဟောင်းကြီး ဂျွန်ဂလင်းသည် အမေရိကန်အထက် လွှတ်တော်အမတ် အဖြစ်လည်း သက်တမ်းရှည်ကြာစွာ တာဝန် ထမ်းရွက်ခဲ့ပြီး ကွယ်လွန်ချိန်၌အသက် (၉၅) နှစ်ရှိပြီဖြစ်သည်။

ဂျွန်ဂလင်းသည် အမေရိကန်၏ မာကျူရီအာကာသယာဉ်စီမံကိန်းမှ အာကာသယာဉ်မှူးဟောင်း ခုနစ်ဦး အနက် နောက်ဆုံး သက်ရှိထင်ရှား ကျန်ရစ်ခဲ့သူဖြစ်သည်။

ဂျွန်ဂလင်းသည် အိုဟိုင်းယိုး ပြည်နယ် ကိုလံဘတ်မြို့ရှိ အိုဟိုင်း ယိုးပြည်နယ်တက္ကသိုလ် ဂျိမ်းစ် ကင်ဆာရောဂါကု ဆေးရုံတွင် ကွယ်လွန်သွားကြောင်း ၎င်း၏အကူ အညီဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဂျွန်ဂလင်းပြည်သူ့ရေးရာကောလိပ် ပြောရေးဆိုခွင့်ရှိသူ ဟန့်စီဝီလ်ဆင်က ပြောကြားသည်။

ဂျွန်ဂလင်းအား ၂၀၁၂ ခုနှစ်တွင် အမေရိကန်သမ္မတ ဘာရက်အိုဘား မားက ထူးချွန်အရပ်သားများအတွက် ချီးမြှင့်သည့် အမြင့်ဆုံးဆုတံဆိပ်တစ်ခု ဖြစ်သော သမ္မတ၏လွတ်မြောက်ရေး ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။ ဂျွန်ဂလင်းကွယ်လွန်ခြင်းသည် မိမိတို့ နိုင်ငံအတွက် ကြီးကျယ်ထင်ရှားသူ တစ်ဦးဆုံးရှုံးမှုဖြစ်ကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

ဂျွန်ဂလင်းသည် ဒုတိယကမ္ဘာစစ် အတွင်းနှင့် ကိုရီးယားစစ်ပွဲကာလများ တွင် တိုက်လေယာဉ်မှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်မှတ်တမ်း ရှိပြီး ၁၉၇၄ ခုနှစ်မှစတင်ကာ ၎င်း၏ ဇာတိနယ်မြေ အိုဟိုင်းယိုးပြည်နယ်၏ အထက်လွှတ်တော်အမတ်အဖြစ် ၂၄ နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် သဘောထား အလယ် အလတ်ရှိသည့် ဒီမိုကရက်တစ်ပါတီ ဝင်တစ်ဦးလည်းဖြစ်သည်။

**ဆင်ဟွာ။**



## ၂၀၁၇ ခုနှစ် စီးပွားရေးပြုပြင်ပြောင်းလဲရေးအစီအစဉ် အကောင်အထည်ဖော်ရေး တရုတ်ခေါင်းဆောင်များ ဆွေးနွေးမည်

**ပေကျင်း ဒီဇင်ဘာ ၉**

ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် စီးပွားရေးဆိုင်ရာ နှစ်ပတ်လည် ညီလာခံတစ်ရပ်၌ ၂၀၁၇ ခုနှစ်အတွက် စီးပွားရေးနှင့် ပြုပြင်ပြောင်းလဲရေးအစီအစဉ် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ထိပ်တန်းခေါင်းဆောင်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတွင် ဝယ်လိုအားထက် ကျော်လွန်နေသော ထုတ်လုပ်မှု စွမ်းပကားမြင့်တက်နေသည့် ပြဿနာ၊ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အဆင့်အတန်းမြှင့်တင်ရေးပြဿနာတို့ကို တွေ့ကြုံနေရဆဲဖြစ်ကြောင်း၊ ဝယ်လိုအား တိုးတက်ရေးအတွက် မြှင့်တင်ရန် လိုအပ်နေကြောင်း နိုင်ငံရေး ဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) အစည်းအဝေးတစ်ရပ်အပြီး ထုတ်ပြန်သော ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ ပေါ်လစ်ဗျူရိုသည် အာဏာရကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်ခွင့်ရှိသော ထိပ်တန်းအဖွဲ့အစည်းဖြစ်သည်။

စီးပွားရေးနယ်ပယ်အချို့တွင် ဘဏ္ဍာရေးဆိုင်ရာ စွန့်စားရမှုများရှိနေပြီး ဒေသအချို့၌ စီးပွားရေးဆိုင်ရာ အခက်အခဲကြီးများရှိနေသဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် အဓိကကျသော စီးပွားရေး ဦးတည်ချက်များ ပေါက်မြောက်သဖြင့် ၂၀၁၇ ခုနှစ်အတွက် စီးပွားရေးဆိုင်ရာ အခြေခံကောင်းများကို ဖြစ်ပေါ်စေကြောင်း ဝန်ကြီးချုပ် လီခချန်းက ယခုရက်သတ္တပတ် အစောပိုင်းတွင် ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများရောင်းချနေခြင်းအား ထိရောက်စွာတားဆီးနှိမ်နင်းရန် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုတင်သွင်း

**နေပြည်တော် ဒီဇင်ဘာ ၉**

Hot Line စနစ်ဖြင့် ချိတ်ဆက်ထားသည့် တယ်လီဖုန်းသည် ပြောဆိုလိုသည့် အခါမည်သည့် ဘယ်နံပါတ်ကိုမျှ နှိပ်ရန်မလိုဘဲ တယ်လီဖုန်းစကားပြောခွက်ကို "မ" လိုက်သည်နှင့် အလိုအလျောက် အခြားတစ်ဖက်တွင် တယ်လီဖုန်းဘဲလ်မြည်သည့်စနစ်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖြေကြားခဲ့သည်။

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များတွင် တာဝန်ထမ်းဆောင်နေကြသူများအား လွှတ်တော်ကိုယ်စားလှယ်များက အဆောတလျင် အကြောင်းကြားနိုင်မည့် အရေးပေါ်ဆက်သွယ်ရေးလိုင်းကြောင်း (Hot Line)တစ်ခု ဖွင့်ပေးထားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားစဉ် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက Hot Line ဆိုသည်မှာ မူရင်းအသုံးအနှုန်းအနေဖြင့် နှစ်နိုင်ငံအကြား နိုင်ငံအကြီးအကဲနှစ်ဦး တိုက်ရိုက်ပြောဆိုနိုင်ရန် ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တို့ကို တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်ရန် တယ်လီဖုန်းနံပါတ်များ၊ လိပ်စာများလည်းရှိပြီး ဆက်သွယ်လာမှုများအပေါ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင်လည်း တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များအကြား ဆက်သွယ်နိုင်မည့် Hot Line များ မထားရှိကြောင်း ဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးဌာနတိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ဖွဲ့စည်းပုံခွင့်ပြုမိန့် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ စံကိုက်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၃၉၀ ခွင့်ပြုချက်ရရှိထားပါသဖြင့် အဆောက်အအုံဆောက်လုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ တန့်ယန်းမဲဆန္ဒနယ်မှ စိုင်းမောင်ပွင့်၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်နှင့် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီနှင့် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှတို့က ဆရာဝန်ဖြည့်တင်းခန့်ထားပေးရေး၊ ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးနိုင်ရေး တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရေး၊ တိုက်နယ်ဆေးရုံ ပြန်လည်ဆောက်လုပ်ပေးရန်တို့နှင့် စပ်လျဉ်း၍မေးမြန်းခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ကျောင်းမုန့်ဈေးတန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိသော ကျန်းမာရေးနှင့် မညီညွတ်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ စားသောက်ဖွယ်ရာများ ရောင်းချနေခြင်းအား ထိရောက်စွာ တားဆီးနှိမ်နင်းရန် တာဝန်ရှိသည့် ဌာနဆိုင်ရာများ စုပေါင်းပါဝင်သော နိုင်ငံတော်အဆင့် စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအေးဇင်လတ်က တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်(သတင်းစဉ်)**

# တံတားနှင့် လမ်းများ အဆင့်မြှင့်တင်ပေးရန် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၉**

ပေါက်တောမြို့နယ်အတွင်း၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၈၀ ဒသမ ၀၄ သန်းဖြင့် မြေသားလမ်း နှစ်မိုင်နှင့် ကွန်ကရစ်တံတား ၄ စင်းတို့အား ဆောင်ရွက်ပေးရန် လျာထားပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ ပေါက်တောမြို့နယ် ကျောက်တောင်ကျေးရွာအုပ်စု စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာကြားရှိ ချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အထက်ပါအတိုင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပေါက်တောမြို့နယ်အတွင်း ကျောက်တောင်ကျေးရွာအုပ်စု စက်နိုး-နတ်တောင် ကျေးရွာချင်းဆက် ချောင်းကူးတံတားအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထား တင်ပြမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ မင်းဘူး - စလင်း - တညောင် - ဆိပ်ဖြူ လမ်းပိုင်းရှိ မုန်းချောင်းတံတားနှင့် စလင်းချောင်း (နွယ်တမယ်) ဘေလီတံတားတို့ကို ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်လမ်းသွား သံစီကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စလင်းချောင်းသည် အမြဲတမ်းမြစ်ကြောင်း ပြောင်းလဲစီးဆင်းပြီး ယခုအခါ ကွေ့ကောက်၍ ဆင်ဖြူကျွန်းမြို့ဘက်သို့ ဦးတည်လျက်ရှိသဖြင့် မြို့ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် River Training ပြုလုပ်နိုင်ရေးအတွက် Hydrographic Survey တိုင်းတာ၍ စူးစမ်းလေ့လာပေးရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နွယ်တမယ်တံတားအနီး စလင်းချောင်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စူးစမ်းတိုင်းတာမှုအပေါ် မူတည်၍ Hydrographic Survey တိုင်းတာမှုအပေါ် မူတည်၍ River Training ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ River Training ပြုလုပ်ထားရှိမှုအား တစ်နှစ်ခန့် စောင့်ကြည့်လေ့လာမှုပြုလုပ်ပြီး မြစ်ကြောင်းစီးဆင်းမှု မှန်ကန်ကောင်းမွန်သွားချိန်တွင် နွယ်တမယ်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

မုန်းချောင်းဘေလီတံတားကို ဦးစားပေးအနေဖြင့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၂၅၀၀ လျာထားတင်ပြထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေတို့၏ တံတားနှင့် လမ်းများ အဆင့်မြှင့်တင်ပေးရန် မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသွားရန်လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ အစည်းအဝေးကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၉**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီ (၂/၂၀၁၆)အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ပါမောက္ခချုပ်များက တက္ကသိုလ်နှစ်ခုမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့များ ချီးမြှင့်အပ်နှင်းရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမှာစာ ၁၂ စောင်ကို တင်ပြခဲ့ကြပြီး တက္ကသိုလ်ကောင်စီဝင်များက အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် တက္ကသိုလ်ကောင်စီအဖွဲ့ဝင်များ၊ စာပေနှင့်အနုပညာ ပြင်ပပညာရှင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အရေး မီးလောင်ရာ လေမပင့်စေချင်

အေးကြွယ်

ယနေ့ ကျွန်တော်တို့ လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းတွင် အလွန်ပြင်းထန်သည့် ရိုက်ချက်တစ်ခု မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုတစ်ခုအပေါ် ပြည်ပမီဒီယာအချို့က မဟုတ်မမှန် လုပ်ကြံသတင်းများဖြင့် မြန်မာနိုင်ငံအပေါ် အပုပ်ချပြစ်တင်ဆောင်ရွက်ခဲ့သည့် ရိုက်ချက်တစ်ခုဖြစ်သည်။ တကယ်တမ်းပြောရလျှင် ဤဖြစ်စဉ်ကြီးသည် သာမန်သွေးရိုးသားရိုးပေါ်ပေါက်လာသည့် ပြဿနာမျိုးမဟုတ်ဘဲ သမိုင်းဇာစ်မြစ်များနှင့်ပါ ဆက်စပ်ဖြစ်ပေါ်လာသည့် ပထဝီနိုင်ငံရေးဆိုင်ရာပြဿနာတစ်ရပ်ဟု ဆိုရမည်။ ကျွန်တော်တို့အနေဖြင့် ဤဖြစ်စဉ်ကြီး၏ မူလအစကို ယခုလိုသွေးပူနေသည့်အချိန်မျိုး၌ တူးဖော်အဖြေရှာပါက နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ပေါ်ရေးထက် ပိုမိုအာဃာတကြီးထွားလာမည်ကို စိုးရိမ်မိသည်။ ဤတွေးမြင်ချက်များကြောင့်ပင် ယင်းပြဿနာအား နှစ်ဖက်လူ့အဖွဲ့အစည်းများ ပြန်လည်သွေးအေး တည်ငြိမ်လာသည့်အချိန်ကျမှသာ ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်ကြပါစေဟု ဆုတောင်းရင်း စောင့်ကြည့်နေခဲ့ကြသည်။

**ဖြစ်စဉ်အစ**

အားလုံးသိကြသည့်အတိုင်း ဤဖြစ်စဉ်၏ မူလအစသည် သာမန်သွေးရိုးသားရိုးမဟုတ်ဘဲ နောက်ကွယ်၌ အလွန်စိတ်ဝင်စားစရာကောင်းသည့် ဖြစ်စဉ်ဖြစ်ရပ်တို့ ရှိနေကြသည်။ အထူးသဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လူ့အခွင့်အရေးကိစ္စရပ်များ စဉ်းစားဆွေးနွေးနေသည့် တတိယကော်မတီအစည်းအဝေး စတင်ချိန်နှင့် အချိန်ကိုက်ဖြစ်ပေါ်ခဲ့သည်။ ရခိုင်ပြည်နယ်အရေးကိစ္စကို လူ့အခွင့်အရေး၊ လူသားချင်းစာနာရေးဆိုသည့် ခေါင်းစဉ်များတပ်၍ နိုင်ငံတကာက ပိုမိုအာရုံစိုက်လာအောင် ရည်ရွယ်လုပ်ဆောင်ခဲ့ကြသည်ဟုလည်း ထင်မိသည်။

အမှန်အတိုင်းပြောရလျှင် မောင်တောပြဿနာသည် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းအချင်းချင်း စတင်ဖြစ်ပွားခဲ့သည့် သာမန်လူ့အဖွဲ့အစည်းတစ်ခု၏ ပြဿနာမျိုးမဟုတ်ဘဲ မောင်တောဒေသနှင့် ရသေ့တောင်ဒေသရှိ ကျီးကန်းပြင်၊ ငါးခူရ၊ ကိုးတန်ကောက် နယ်မြေများရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုတစ်ခုပင်ဖြစ်သည်။ ယင်းစခန်းများမှ ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်သတ်ဖြတ်ကာ လက်နက်ခဲယမ်းများကို ယူဆောင်သွားသည့် အရုပ်ဆိုးအကျည်းတန်သော အကြမ်းဖက်မှုတစ်ခုလည်းဖြစ်သည်။ ယင်းအကြမ်းဖက်မှုဖြစ်စဉ်၏ နောက်ကွယ်တွင် ပုန်းကွယ်သိုဝှက်ထားသည့် ရည်ရွယ်ချက်မျိုးစုံရှိနေလိမ့်မည်ဟု ကျွန်တော်တို့အားလုံးက ယုံကြည်ထားကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီသာ တုံ့ပြန်ဆောင်ရွက်ရန် ကြိုးစားလျက်ရှိသည်။ ဖြစ်စဉ်၏အကြောင်းအရင်းကို ဖော်ထုတ်ရန်နှင့် နောင်အလားတူဖြစ်စဉ်မျိုး မဖြစ်ပေါ်စေရေးအတွက် မည်သို့စီမံဆောင်ရွက်သင့်သည်များကို သိရှိစေရန် ဒုတိယသမ္မတ(၁) ဦးဆောင်သည့် နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ ထို့ပြင် မောင်တောဒေသတွင် နေထိုင်သူအားလုံးကို လူသားချင်းစာနာထောက်ထားမှု အကူအညီများအဖြစ် စားနပ်ရိက္ခာများ ကူညီပံ့ပိုးပေးခဲ့သည်ကိုလည်း အားလုံးတွေ့မြင်ခဲ့ပြီး ဖြစ်သည်။

**မီးလောင်ရာလေပင့်**

ယခုလို နိုင်ငံတော်အစိုးရက အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ တုံ့ပြန်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အချို့သော ပြည်ပမီဒီယာကြီးများက မဟုတ်မမှန်လုပ်ကြံဖန်တီးသည့် သတင်းများဖြင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်နေကြသည်။ အထူးသဖြင့် HRW မှ ထုတ်ပြန်သည့် သတင်းအချက်အလက်အမှားများကို ဗြိတိန်နိုင်ငံရှိ Daily Mail သတင်းစာ၊ ဗန်ကောက်ပို့စ်သတင်းစာနှင့် ပြည်ပသတင်းဌာနအချို့က ကူးယူကိုးကားဖော်ပြသည့်သတင်းများသည် ပကတိအခြေအနေနှင့် လွန်စွာကွာခြားနေကြောင်း တွေ့ရှိရသည်။ အချို့သောကိစ္စများတွင် ကုလသမဂ္ဂဝန်ထမ်းအချို့ကပင် ကျင့်ဝတ်သိက္ခာနှင့် မညီညွတ်ဘဲ ပြောဆိုလုပ်ကိုင်မှုများ ရှိခဲ့သည်။ ယင်းဒေသတွင် လုံခြုံရေးတပ်ဖွဲ့များက ရွာသားများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးနေသယောင်၊ အပြစ်မဲ့ ရွာသားများကို ဖမ်းဆီးပြီး နှိပ်စက်သတ်ဖြတ်နေသယောင်၊ လူ့အခွင့်အရေးများကို ချိုးဖောက်အနိုင်ကျင့်နေသယောင် ပုံစံမျိုးစုံဖြင့် မမှန်သတင်းထုတ်လွှင့်နေကြသည်။ အမှန်အတိုင်းပြောရလျှင် ယင်းဒေသရှိ အကြမ်းဖက်သမားများက ရွာသူ ရွာသားများကို အကာအကွယ်ယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် လစ်လျှင်လစ်သလို ချောင်းမြောင်းပစ်ခတ်တိုက်ကွက်ဖော်နေဆဲဖြစ်သည်။

ယင်းဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်မှုကို ကြည့်လျှင် မိမိတို့ဆုံးရှုံးသွားသည့် လက်နက်ခဲယမ်းများကို ပြန်လည်ဖော်ထုတ်ရယူရန်နှင့် အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ တုံ့ပြန်ဖော်ထုတ်အရေးယူရန်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ရှင်းရှင်းပြောရလျှင် အလွယ်တကူ တံဆိပ်မတပ်မိဖို့လိုသည်။ ယခင်က ရှုပ်ထွေးနေသည့် ပဋိပက္ခများကို မိမိတို့ကြောင့် ပိုမိုရှုပ်ထွေးကြီးထွားလာရန် မဆောင်ရွက်သင့်ပေ။ ယခုအခါ ပြည်ပမီဒီယာများအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပဋိပက္ခဇာတ်လမ်းများကို ပုံပျက်ပန်းပျက်အခြေအနေ ဆက်စပ်မှုမရှိသည့် တံဆိပ်အမျိုးမျိုးတပ်ကာ ဇာတ်နာအောင် ဖော်ပြနေကြခြင်းများ ရှိသည်။ အမှန်အတိုင်းပြောရလျှင် ထိုကဲ့သို့ အလွယ်တကူတံဆိပ်တပ်ဖော်ပြခြင်းမျိုးကို ကျွန်တော်တို့ နိုင်ငံအပေါ်သာ ဆောင်ရွက်ခဲ့ကြသည်မဟုတ်၊ အခြားနိုင်ငံများတွင် ပဋိပက္ခဖြစ်ပွားခဲ့သည့်အချိန်၌ တံဆိပ်အမျိုးမျိုးတပ်ကာ ပဋိပက္ခကို ကြီးထွားပြန့်ပွားအောင် လုပ်ဆောင်ခဲ့သည့်သာဓကများ ရှိခဲ့ဖူးသည်။

တောင်အာဖရိကတွင် လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခဲ့ချိန်၌ လူမည်းလူမည်းချင်းအကြမ်းဖက်မှု(Black on Black Violence)ဟု လည်းကောင်း၊ ရဝမ်ဒါတွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေးပဋိပက္ခတွင်လည်း "ဟူတူ-တွတ်ဆီ ပဋိပက္ခ(Hutu-Tutsi Conflict)ဟု လည်းကောင်း တံဆိပ်အမျိုးမျိုးတပ်ကာ ဖော်ပြခဲ့ခြင်းကြောင့် ငြိမ်းချမ်းမှုကို လျစ်လျူရှုကာ ပဋိပက္ခများ ပိုမိုကြီးထွားလာစေခဲ့သည်။ ယခုအခါ မောင်တောအကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများ ရှိနေသယောင် တံဆိပ်အမျိုးမျိုးတပ်ကာ နိုင်ငံတကာမျက်နှာစာတွင် အရှက်ရအောင်၊ အထင်အမြင်လွဲမှားအောင် လုပ်ကြံနေမှုများရှိနေသည်။ ယင်းလုပ်ကြံမှုများသည် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများကို မဖြေရှင်းနိုင်ရုံသာမက ပိုမိုရှုပ်ထွေးခက်ခဲစေနိုင်သည်ကို နားလည်ရန်လိုသည်။ မိမိကျင့်ဝတ်သိက္ခာကို တန်ဖိုးထားသောအားဖြင့် ဤကဲ့သို့ အလွယ်တကူ တံဆိပ်တပ်၊ ဇာတ်လမ်းဆင် ဖော်ပြခြင်းမျိုး ရပ်တန့်ကရပ်သင့်ပြီဟု ဆိုချင်သည်။

> **ရခိုင်ပြည်နယ်အရေးကိစ္စများသည် သာမန်လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမဟုတ်ဘဲ သမိုင်းဇာစ်မြစ်ကြီးများသည့် ပထဝီနိုင်ငံရေးနှင့်ဆိုင်သော ပြဿနာရပ်များဖြစ်၍ ယင်းပဋိပက္ခပြဿနာများ မကြီးထွား၊ မခက်ခဲစေရန် သတိကြီးကြီးထား၍ ကိုင်တွယ်ဖြေရှင်းနေသည်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက စာနာနားလည်ပေးသင့်သည်။**

**အမြွတ်မထုတ်ပါနှင့်**

ယနေ့ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မတူညီသော ကိုးကွယ်ယုံကြည်မှုများ၊ မတူညီသော ဓလေ့စရိုက်လက္ခဏာများကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် သဟဇာတဖြစ်စေရန် မိမိနည်း မိမိဟန်ဖြင့် ကြိုးပမ်းနေကြသည်။ အကယ်၍ ကိုးကွယ်ယုံကြည်မှုမတူညီသည့် လူ့အဖွဲ့အစည်းများကြား ပဋိပက္ခများဖြစ်ကြပြီဆိုလျှင် အင်မတန်ဖြေရှင်းဆောင်ရွက်ရန် ခက်ခဲတတ်ကြောင်း မြောက်အိုင်ယာလန်ပဋိပက္ခများက သင်ခန်းစာပေးခဲ့ကြသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း တိုနီဘလဲက "အချို့က အဲဒီလို မတူညီမှုတွေကို ခုတုံးလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ကြတာလည်း ရှိတယ်။ နဂိုကမှ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေရတဲ့ အခြေအနေဟာ အန္တရာယ်ရှိတဲ့၊ စိုးရိမ်ရတဲ့ အခြေအနေမျိုးဖြစ်သွားတော့တာပေါ့။ ဒါဟာကမ္ဘာ့နေရာအနှံ့အပြားမှာ ဒီလိုပဲဖြစ်တာပါပဲ"ဟု ဘာသာရေး၊ လူမျိုးရေးကို အမြတ်ထုတ် ဆောင်ရွက်နေသူများနှင့် ပတ်သက်၍ ပြောခဲ့ဖူးသည်။

မကြာသေးခင်ရက်များက မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံတစ်ခုမှ ခေါင်းဆောင်တစ်ဦးက နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ကျွန်တော်တို့အားလုံး မမျှော်လင့်ထားသည့် ဖြစ်စဉ်တစ်ခုဖြစ်၍ အလွန်စိတ်မကောင်းဖြစ်ရသည်။ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံအသီးသီးနှင့် သင့်မြတ်စွာပေါင်းဖက်ဆက်ဆံနေသည့်နိုင်ငံ ဖြစ်သည်။ ချစ်စကိုရှည်စေလိုပြီး မုန်းစကိုတိုစေလို၍သာ သည်းခံနေရသော်လည်း မြန်မာပြည်သူအားလုံးက စိတ်ထိခိုက်ကြေကွဲရသည်။

မြန်မာနိုင်ငံသည် အာဆီယံ၏ တည်ငြိမ်မှုကို ဘယ်တော့မှ ထိခိုက်ခံမည်မဟုတ်ဆိုသည်ကို ၎င်းတို့အား နားလည်စေချင်သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပေါ် နားလည်စာနာစွာ ဝိုင်းဝန်းဖေးမ ကူညီရမည့်အစား ၎င်းတို့ပါတီ၏ အကျိုးစီးပွားအတွက် အသုံးချအမြတ်ထုတ်ခဲ့သည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ ထိုသို့ ပြုမူခဲ့ခြင်းကြောင့် ၎င်းတို့၏ဂုဏ်သိက္ခာမဲ့သော လုပ်ဆောင်ချက်များကို ကမ္ဘာ့နိုင်ငံများက ပြစ်တင်ရှုတ်ချခံရမည်ကိုပင် စိုးရိမ်မိသည်။ အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ကျင့်ဝတ်သိက္ခာမဲ့မှုအတွက် သမိုင်းတွင် သမိုင်းဝင်နေတော့မည် ဖြစ်သည်။

**အဖြေရှာကုစားသွားမည်**

၂၀ ရာစုအကုန်တွင် ကမ္ဘာကြီး၌ နိုင်ငံရေးအစွန်းရောက်ပုံစံများ အညွန့်တုံးလျော့နည်းစေခဲ့သော်လည်း ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်ဝါဒများ ကျန်ရှိသက်ဆိုးရှည်နေသေးဆဲ ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် လွတ်လပ်ပွင့်လင်းသည့်စိတ်အခံ (Open Mind)နှင့် ပိတ်ပင်ကာ ဆီးတားသည့် စိတ်အခံ (Closed Mind)တို့အကြား ရပ်တည်မှုများ ပိုမိုရှုပ်ထွေးလာကြသည်ဟု ထင်မိသည်။ လွတ်လပ်ပွင့်လင်းသည့် စိတ်အခံဖြင့် ရှင်သန်ရပ်တည်နေသော နိုင်ငံများသည်သာ အနာဂတ်တွင် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဟု ပညာရှင်များက ယုံကြည်ကြသည်။ ယနေ့မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု (Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု (Development)နှင့် ကြွယ်ဝချမ်းသာမှု (Prosperity) ဆိုသည့် လူ့တန်ဖိုးခြင်းရာများဖြင့် ဖွဲ့စည်းတည်ဆောက်နေကြသည်။

လက်တလောဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်အတွင်းရှိ ပြဿနာများကို သက်ဆိုင်ရာတရားဥပဒေကျင့်ထုံးများ၊ နိုင်ငံတကာကျင့်ဝတ်စံနှုန်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နေကြသည်ကို ယုံမှားသံသယဖြစ်ရန်မလိုပေ။ ကျွန်တော်တို့အနေဖြင့် ကိုယ့်နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေကို ကိုယ့်ဘာသာ အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ရန် အာသီသပြင်းပြနေကြသည်။ သို့ရာတွင် နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးအတွက် ပြန်လည်သွေးအေးပြီး စိတ်နှလုံးတည်ငြိမ်အေးချမ်းလာမည့်အချိန်မျိုးကို စောင့်ဆိုင်း၍ အနာဂတ်အရေး ဆွေးနွေးအဖြေရှာကြရန် စီစဉ်နေကြသည်။

ရခိုင်ပြည်နယ်အရေးကိစ္စများသည် သာမန်လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမဟုတ်ဘဲ သမိုင်းဇာစ်မြစ်ကြီးမားသည့် ပထဝီနိုင်ငံရေးနှင့်ဆိုင်သော ပြဿနာရပ်များဖြစ်၍ ယင်းပဋိပက္ခပြဿနာများ မကြီးထွား၊ မခက်ခဲစေရန် သတိကြီးကြီးထား၍ ကိုင်တွယ်ဖြေရှင်းနေသည်ကို နိုင်ငံတကာအသိုင်းအဝိုင်းက စာနာနားလည်ပေးသင့်သည်။

ဤကဲ့သို့သော အချိန်မျိုးတွင် ပြည်ပမီဒီယာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ သတင်းများအား ကျင့်ဝတ်သိက္ခာကို တန်ဖိုးထားကာ ထုတ်လွှင့်ဖော်ပြပေးစေလိုသည်။ ဖြစ်ပေါ်နေသည့် ပဋိပက္ခများ မကြီးထွား၊ မရှုပ်ထွေးအောင်လည်း ကူညီပေးစေလိုသည်။ မြန်မာတစ်မျိုးသားလုံး၏ဆန္ဒမှာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်ရန် သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချထားပြီးဖြစ်၍ မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနှင့်၊ မီးလောင်ရာ လေမပင့်ကြပါနှင့်ဟု မေတ္တာရပ်ခံလိုက်ချင်ပါသည်။ ။

**ကျင့်ဝတ်ကို တန်ဖိုးထားပါ**

အကြမ်းဖက်လုပ်ငန်းစဉ်နှင့် အကြမ်းဖက်သမားများအား အမြစ်ပြတ်ချေမှုန်းဆောင်ရွက်ရမည့် တာဝန်မှာလူ့အဖွဲ့အစည်းတိုင်းတွင် တာဝန်ရှိသည်။ အကြမ်းဖက်ဓလေ့စရိုက်နှင့် အကြမ်းဖက်စိတ်ဓာတ်များ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမြစ်ပြတ် ပပျောက်သွားဖို့လိုသည်။ သို့မှသာ သမိုင်းကြောင်းနှင့်ယှဉ်၍ ဖြစ်ပေါ်ခဲ့သည့် လူ့အဖွဲ့အစည်းနှစ်ခုကြားရှိ ပြဿနာများကို ညှိနှိုင်းဖြေရှင်းနိုင်ကာ ပြန်လည်သဟဇာတဖြစ်ပေါ်ရေးကို ဦးတည်နိုင်မည် ဖြစ်သည်။

မည်သူမဆို လူမျိုးရေးပဋိပက္ခများ၊ ဘာသာရေးပဋိပက္ခများကို ပြောကြတော့မည်ဆိုလျှင် စိတ်ခံစားမှု (Emotion)၊ အကဲဆတ်မှု(Sensitivity)ကို သတိပြုဖို့လိုသည်။ အထူးသဖြင့် မီဒီယာသမားများ ပြောဆိုတင်ပြသည့်ကိစ္စများသည် လူထု၏အမြင်ကို ကြီးမားစွာသက်ရောက်မှုရှိနိုင်သဖြင့် ပို၍သတိပြုသင့်သည်။ တစ်ခါတစ်ရံ လူမျိုးရေး၊ ဘာသာရေးကိစ္စများသည် ပဋိပက္ခအသွင်ကို ဦးတည်နိုင်လာသဖြင့် မီဒီယာတိုင်းက ပဋိပက္ခကို သတိရှိသော (Conflict-sensitive)ကို နားလည်သဘောပေါက်သင့်သည်။ အထူးသဖြင့် ပြည်ပသတင်းမီဒီယာများအနေဖြင့် ပဋိပက္ခကို ဂရုစိုက်နားလည်စွာသတင်းပေးပို့ခြင်း(Conflict Sensitive Reporting) ဆိုသည့်အချက်ကို အလေးထားလိုက်နာဆောင်ရွက်ရန်လိုသည်။

တကယ်တမ်းပြောရလျှင် ပဋိပက္ခများအပေါ် သတင်းများရေးသားဖော်ပြတော့မည်ဆိုပါက မိမိစိတ်ကူးတည့်ရာ

# ငွေကြေးဖောင်းပွမှု အတန်အသင့်ရှိတာကို လက်ခံပြီးတော့ အရေးကြီးတာက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိအောင်လုပ်ဖို့ လူတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာအောင်၊ တစ်ဦးချင်းဝင်ငွေ မြင့်မားလာ အောင်လုပ်ဖို့က ပိုပြီးတော့ အရေးကြီးပါတယ်

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

**ကိုမင်း၊ ခင်စုစုလှိုင်၊ အေးအေးမြင့်**

ယနေ့ မိမိတို့နိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်သည်များ၊ ငွေကြေးဖောင်းပွမှုကို မည်ကဲ့သို့ ထိန်းချုပ်ရမည်၊ ငွေကြေးဖောင်းပွမှုနှုန်းနှင့်အတူ နိုင်ငံခြားငွေ တိုးတက်မြင့်မားလာမှုများ၊ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်မှု စသည်တို့နှင့်ပတ်သက်၍ သိရှိနိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်ဝါဝါမောင်တို့၏ ဆွေးနွေးမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။အခုတလော နိုင်ငံအတွင်းမှာ အခြေခံစားသောက်ကုန်တွေအပါအဝင် ကုန်ဈေးနှုန်းတွေ တဖြည်းဖြည်း တက်နေတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ငွေကြေးဖောင်းပွမှုဖြစ်နေတယ်ဆိုတာ လူတိုင်းပြောနေကြတဲ့အတွက် ငွေကြေးဖောင်းပွမှုအဓိပ္ပာယ်နဲ့ လက်ရှိငွေကြေးဖောင်းပွမှုအခြေအနေကို ရှင်းပြပေးပါ။**

ဖြေ။ ။ငွေကြေးဖောင်းပွမှု (Inflation) ရဲ့ အဓိပ္ပာယ်ကို စီးပွားရေးပညာရပ်မှာ ဖွင့်ဆိုထားတာက အထွေထွေ အရပ်ရပ်သော ကုန်ဈေးနှုန်းတွေဟာ အချိန်ကာလအတိုင်းအတာ တစ်ခုအထိ မြင့်တက်နေတယ်။ ဒါကို ငွေကြေးဖောင်းပွမှုလို့ ခေါ်တယ်လို့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဒီဟာနဲ့အတူ ဆက်စပ်ပြီး ဘာပါလာသလဲဆိုတော့ ငွေရဲ့ တန်ဖိုးဟာလည်း တစ်ဖက်က ကျဆင်းလာတယ်။ သဘောကတော့ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုရင်လည်း မြန်မာငွေ တစ်ကျပ်ရဲ့ လဲလှယ်နှုန်းဟာ နိုင်ငံခြားငွေနဲ့ လဲလှယ်တဲ့အခါမှာ တန်ဖိုးဟာ ကျဆင်းသွားပါတယ်။ အဲဒါကလည်း ငွေကြေးဖောင်းပွမှုနဲ့ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်လာတာပါ။

နောက်တစ်ခုက ဘာတွေ့နိုင်သေးလဲဆိုရင် ငွေရဲ့ ဝယ်နိုင်စွမ်းပါ။ ငွေတစ်ယူနစ်ရဲ့ ဝယ်နိုင်စွမ်းဟာလည်း ကျတယ်။ အရင်တုန်းက ဒီငွေနဲ့ ဒီပစ္စည်းကို ဝယ်လို့ရပေမယ့် အခုမရတော့ဘူး။ ဒီငွေကြေးဖောင်းပွမှုဟာ အချက်အလက်အများကြီးအပေါ်မှာ မူတည်ပြီးတော့ ဖြစ်လာတာပါ။ ချက်ချင်းကြီး တက်လာအောင်လည်း လုပ်လို့မရနိုင်သလို ချက်ချင်းကြီးကျသွားအောင်လည်း လုပ်ဖို့အင်မတန်မှ ခက်ပါတယ်။ ဒီငွေကြေးဖောင်းပွမှုဟာ ကောင်းသလား၊ မကောင်းဘူးလားဆိုတဲ့ ဒီလိုမေးခွန်းလေးတွေ မေးလာရင်တော့ ဖြေရမယ့်အဖြေကတော့ ကျွန်တော်တို့အမြင် ငွေကြေးဖောင်းပွမှုဟာ အထိုက်အလျောက်ရှိနေပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုရအောင် လုပ်ခြင်းဟာအကောင်း ဆုံးပဲလို့ မြင်ပါတယ်။

ငွေကြေးဖောင်းပွမှုဟာ မကောင်းဘူးဆိုတဲ့အတွက်ကြောင့် ငွေကြေးဖောင်းပွမှု မရှိတာ ကောင်းတယ်လို့ ယူဆရင် မှားပါမယ်။ စီးပွားရေးပညာမှာ ဒီလိုသဘောမျိုးလေးတွေရှိပါတယ်။ ငွေကြေးဖောင်းပွမှု အတန်အသင့်ရှိတာကို လက်ခံပြီးတော့ အရေးကြီးတာက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိအောင်လုပ်ဖို့၊ လူတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာအောင်၊ တစ်ဦးချင်းဝင်ငွေ မြင့်မားလာအောင်လုပ်ဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

အဲဒီတော့ သူနဲ့ တစ်ဆက်တစ်စပ်တည်း ငွေကြေးဖောင်းပွမှုရဲ့ဆန့်ကျင်ဘက်ကတော့ ငွေကြေးကျုံ့သွားမှု (Deflation)ပါပဲ။ ငွေကြေးကျုံ့သွားရင်လည်း ဒါမလိုလားအပ်တဲ့ လက္ခဏာပါပဲ။ ဆိုလိုတဲ့သဘောကတော့ ကုန်ဈေးနှုန်းတွေက ကျနေတယ်ဆိုရင် ထုတ်လုပ်တဲ့သူတွေကလည်း ဒီဈေးနှုန်းနဲ့ မကိုက်တော့ မထုတ်လုပ်နိုင်ဘူး။ အဲဒီတော့ စီးပွားရေးဖွံ့ဖြိုးမှုကို တစ်ခါသွားပြီးတော့ထိခိုက်တယ်။ မူဝါဒတွေချမှတ်ပြီးတော့ ကားတွေ အများကြီးတင်သွင်းလိုက်တယ်။ ကားဈေးတွေကျတယ်။ လူတွေက ကားဝယ်နိုင်တာမှန်ပေမယ့် ကားရှိသလောက် ငွေဟာ မရှိတော့ဘဲနဲ့ ဈေးကျသွားတဲ့အနေအထားကြောင့် စီးပွားရေးအဆောက်အအုံပြန်ပြီး ထိခိုက်တယ်။ အလားတူပဲ စပါးပေါ်တဲ့ အချိန်မှာ စပါးဈေးတွေ ကျနေမယ် ဆိုလို့ရှိရင်လည်း ရသင့်ရထိုက်တဲ့ပစ္စည်းရဲ့ တန်ဖိုးဟာ ထုတ်လုပ်မှုရဲ့တန်ဖိုးကို မကာမိဘဲ ငွေက ကျုံ့နေမယ်၊ ကျနေမယ်ဆိုရင် ဒါစီးပွားရေးမှာ မကောင်းတဲ့ အကျိုးသက်ရောက်မှုပဲဖြစ်ပါတယ်။



**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်ဝါဝါမောင်တို့၏ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်သည့် တွေ့ဆုံဆွေးနွေးခန်းမြင်ကွင်း။**

ဒါကြောင့် ကျွန်တော်တို့ လယ်သမားတွေအတွက်ကို စပါးပေါ်လာတဲ့အချိန်မှာ စပါးဈေးတွေ ကျနေမယ်ဆိုရင် စပါးဈေးပြန်ပြီး သင့်တင့်တဲ့ အနေအထား ရောက်လာအောင် ပြန်ထိန်းပြီး လုပ်ပေးရတာတွေလည်းရှိပါတယ်။ ငွေကြေးဖောင်းပွမှုက ပြောရမယ်ဆိုရင် ငွေကြေးဖောင်းပွမှုနဲ့ ငွေကြေးကျုံ့မှုနဲ့ ကြားမှာ နှစ်ခုစလုံးကတော့ ရှိသင့်ရှိထိုက်တဲ့အတိုင်းအတာအတွင်းမရှိရင် မကောင်းဘူးလို့ ပြောရပါလိမ့်မယ်။

အဲဒီနှစ်ခုကြားထဲက ဈေးနှုန်းတည်ငြိမ်မှုကို ဦးတည်ပြီး သွားရမှာပါပဲ။ ငွေကြေးဖောင်းပွမှုက မကောင်းဘူးလို့ အမြဲတစေပြောလို့မရပါဘူး။ အလားတူပဲ ငွေကျုံ့မှုဟာလည်း မကောင်းဘူးလို့ အမြဲတစေပြောလို့မရပါဘူး။ ဒီနှစ်ခုကြားထဲက ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာထဲက ကုန်ဈေးနှုန်းနဲ့ ငွေတန်ဖိုးကိုလည်း တည်ငြိမ်အောင် ထိန်းထားနိုင်မယ်ဆိုတဲ့ အနေအထားလေးရှိမယ်ဆိုရင် အများကြီးကောင်းပါတယ်။

**မေး။ ။ပြည်သူတွေကြားမှာ ဆင်းရဲသား တစ်နေ့လုပ်တစ်နေ့စားတွေအတွက် ပိုပြီး ထိခိုက်မှုရှိတယ်လို့ မြင်နေကြတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး လူတန်းစားပေါင်းစုံနဲ့ သက်ဆိုင်လားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။စောစောကပြောသလိုပါပဲ။ ကျွန်တော်တို့ ငွေကို ကိုင်ထားပြီးတော့ ဒီငွေရဲ့တန်ဖိုး၊ ဝယ်နိုင်စွမ်းကျသွားတဲ့ အခါကျတော့ ငွေဖောင်းပွမှုနှုန်းဟာ မြင့်တက်နေမယ်ဆိုရင် အခြေခံလူတန်းစားတွေကို ထိခိုက်မယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်တို့ဟာ High Level, Low Level, moderate Level ဆိုတဲ့ Level လေးတွေရှိတဲ့အခါမှာ Low Level နဲ့ moderate Level ကိုတော့ လက်သင့်ခံနိုင်တဲ့အနေအထားမျိုးမှာရှိပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်ကလုပ်နေမယ်ဆိုရင် Low Level သို့မဟုတ် moderate Level အထိ ရောက်ရင် ရောက်သွားနိုင်တယ်။ သို့ရာတွင် High Level တော့ မဖြစ်သင့်ဘူး။ အဲဒီလိုဖြစ်သွားရင်တော့ ကျွန်တော်တို့ စီးပွားရေးထိခိုက်မှုတွေ အများကြီးရှိတယ်။ ရှုထောင့်အမျိုးမျိုးက ကြည့်တဲ့အခါကျရင် မြင့်မားနေတယ်ဆိုတဲ့ အချိန်မှာ ငွေကိုရမယ့် လူဘက်ကကြည့်ရင် ကောင်းတယ်လို့ မြင်ပါလိမ့်မယ်။ အခုချိန်မှာ Exchange Rate ဒေါ်လာဈေးမြင့်တက်နေလို့ မြန်မာငွေတန်ဖိုးကျနေမယ်ဆိုရင် ပို့ကုန်သမားအတွက်က အလွန်ကောင်းပါတယ်။ ဒါပေမယ့် သွင်းကုန်သမားဘက်က မကောင်းပြန်ဘူး။ အဲဒီလိုပဲ လူတန်းစားကလည်း အမျိုးမျိုးရှိတဲ့အခါမှာ အခြေခံလူတန်းစား အနေနဲ့ကတော့ အထွေထွေကုန်ဈေးနှုန်းတွေဟာ တက်သင့်တက်ထိုက်တဲ့ အတိုင်းအတာထက် မြင့်တက်နေမယ်ဆိုရင် ရတဲ့ဝင်ငွေနဲ့ သုံးစွဲနိုင်မှု စွမ်းအားနဲ့ ဝယ်နိုင်စွမ်းကွာဟချက်တွေ ရှိလာရင် မကောင်းပါဘူး။ ထိန်းသိမ်းပေးဖို့လိုပါတယ်။

**ဦးဆက်အောင်**
**ဒုတိယဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတော် ဗဟိုဘဏ်**

**မေး။ ။ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားနေတာကို ထိန်းချုပ်ဖို့အတွက် ဆောင်ရွက်နေတာကိုလည်း သိချင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ငွေကြေးမူဝါဒပိုင်းဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေမှုတွေနဲ့ ပတ်သက်ပြီးတော့ ဆရာအနေနဲ့ ပြောပြပေးပါရှင့်။**

ဖြေ။ ။ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ပြောသွားတာ ပြန်ဆက်မယ်ဆိုရင် ဒီငွေကြေးဖောင်းပွမှုဆိုတာနဲ့ ပတ်သက်ပြီး အဆင့်တွေ အများကြီးရှိပါတယ်။ ပထမ Level က တော့ creeping inflation ပါ။ creeping inflation ဆိုတာက ၃ ရာခိုင်နှုန်း ကျော်ရင်တော့ creeping inflation ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီထက်ပိုမြင့်သွားမယ်ဆိုရင် walking inflation လို့ ခေါ်ပါတယ်။ walking inflation ကတော့ ၃ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းထက် ကျော်သွားမယ်ဆိုရင် running inflation လို့ ခေါ်ပါတယ်။ အဲဒီ Levelကတော့ နိုင်ငံတွေအများကြီး ရှိပါတယ်။ running inflation ကနေ ကျော်သွားလို့ ၂၀ ရာခိုင်နှုန်းဖြစ်သွားမယ်ဆိုရင် hyperinflation လို့ခေါ်ပါ တယ်။ hyperinflation ဖြစ်သွားမယ်ဆိုရင် တိုင်းပြည်ကို ဒုက္ခရောက်စေမယ့် ငွေကြေးဖောင်းပွမှုပဲ ဖြစ်ပါတယ်။ inflation များတာ မကောင်းသလို deflation ဖြစ်တာ လည်း မကောင်းပါဘူး။ inflation မရှိတာလည်း မကောင်း ပါဘူး။ inflation မရှိတာကျတော့ နောက်ဆုံးအသစ် ထွက်တဲ့ စကားလုံးအရ noflation လို့ ခေါ်ပါတယ်။

အခု ဥရောပနိုင်ငံတွေနဲ့ တချို့နိုင်ငံတွေမှာ ဘာဖြစ်နေလဲဆိုရင်တော့ deflation ဖြစ်နေပါတယ်။ တချို့နိုင်ငံတွေမှာ inflation အရမ်းကိုနည်းနေတဲ့ အတွက်ကြောင့် noflation လို့ သတ်မှတ်ပါတယ်။ အဲဒါလည်း လုံးဝမကောင်းပါဘူး။ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေ တော်တော်များများကတော့ စီးပွားရေးတိုးတက်မှုနှုန်းက တက်လာရင်၊ ကြီးထွားလာရင် စီးပွားရေးအရမ်းဖွံ့ဖြိုးတဲ့ နိုင်ငံတွေမဟုတ်တဲ့အတွက် သူရဲ့ အခြေခံက နည်းတာဖြစ်တဲ့အတွက် ဒီစီးပွားရေး တိုးတက်မှုနှုန်း တက်လာရင် walking inflation နဲ့ running inflation ကို ရောက်သွားတတ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဘာဖြစ်လဲဆိုတော့ အရင်နှစ်က ရေကြီးနစ်မြုပ်တာတွေနဲ့ ပေါင်းလိုက်မယ်ဆိုရင် inflation Level က ၄၀ ရာခိုင်နှုန်း ကျော်သွားခဲ့ပါတယ်။ အဲဒါဆိုရင်ကျွန်တော်တို့က ဘယ်ထဲပါသွားသလဲဆိုရင် running inflation ထဲ ပါသွားပါတယ်။ ဒီနှစ်ပိုင်းကတော့ inflation Level အရမ်းကို ပြန်ကျပါတယ်။

inflation ကို တွက်တာကတော့Central Statistics of Organization (CSO) က တွက်တာ ဖြစ်တဲ့အတွက် ပြန်ကျတာကတော့ ၆ ရာခိုင်နှုန်းလောက် ဖြစ်လာပါတယ်။ walking inflation ထဲကို ပြန်ကျလာပါတယ်။ inflation ကတော့ walking and running ထဲမှာ သွားနေတာကတော့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရှိနေပါတယ်။ ဒါပေမယ့် ဒီထက်ပိုတက်မသွားဖို့တော့ အရေးကြီးပါတယ်။ ဒီထက်ပိုပြီးတက်မသွားဖို့ ကျွန်တော်တို့ ထိန်းသိမ်းရမှာဖြစ်ပါတယ်။ အဲလိုထိန်းသိမ်းတဲ့အခါမှာ ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ ထိန်းမယ်ဆိုရင်တော့ inflation က ဗဟိုဘဏ်တစ်ခုတည်းက ထိန်းလို့မရပါဘူး။ ဆက်စပ်ဌာနတွေ အားလုံးပေါင်းပြီးတော့ ထိန်းရမှာဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ငွေဖောင်းပွမှု ဖြစ်တယ်ဆိုတဲ့ အကြောင်းရင်းကို ကြည့်လိုက်ရင် ဝယ်လိုအား ဆွဲအားကြောင့် ဖြစ်ပေါ်ခြင်း၊ စရိတ်တွေရဲ့ တွန်းအားကြောင့် ဖြစ်ပေါ်ခြင်း၊ သွင်းကုန်များအပေါ် ကန့်သတ်ခြင်းကြောင့် ဖြစ်ပေါ်ခြင်း၊ ပြည်သူများက ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်မယ်လို့ မျှော်လင့်ခြင်းနဲ့ အမြတ်ငွေ ရလိုမှုကြောင့် ကောလာဟလ ထုတ်လွှင့် ဈေးကစားခြင်း၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခြင်း၊ နိုင်ငံတွေရဲ့ ထုတ်ကုန်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှု လျော့ကျခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် ရောင်းလိုအား လျော့နည်းကျဆင်းလာခြင်းကြောင့် ဖြစ်ပေါ်ခြင်း၊ လူဦးရေ တိုးတက်လာခြင်းတွေ ပါပါတယ်။

ပြီးတော့လည်း မိမိနိုင်ငံအတွင်းကို လာရောက်နေထိုင်သူများပြားလာခြင်း၊ ငွေကြေးခဝါချမှုတွေနဲ့ အဂတိလိုက်စားမှုများ တည်ရှိခြင်းတို့ကြောင့် ဝယ်လိုအားများ တက်လာပြီး ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်ခြင်း၊ ပုံမှန်အားဖြင့် ပို့ကုန်ဟူသည်မှာ ထုတ်လုပ်မှုမှ ပြည်တွင်းစားသုံးပြီး ပိုလျှံတဲ့ ကုန်ပစ္စည်းတွေကိုသာ တင်ပို့လေ့ရှိရာ ထုတ်လုပ်မှုအခြေအနေအား အတိအကျမသိရှိဘဲ တင်ပို့ခြင်း၊ တရားမဝင်နယ်စပ်ဖြတ်ကျော် တင်ပို့မှုတွေကလည်း ပြည်တွင်းဈေးကွက်မှာ ကုန်စည်လက်ကျန်နည်း သွားခြင်းကြောင့် ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသက်သာပြီး မိမိနိုင်ငံရဲ့ ငွေကြေးတန်ဖိုးကျဆင်းလာကာ သွင်းကုန်များ ဈေးကြီးလာခြင်းကြောင့် ဖြစ်ပေါ်ခြင်း စတာတွေကြောင့် အထွေထွေကုန်ဈေးနှုန်း မြင့်တက်လာရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ငွေကြေးဖောင်းပွမှုနဲ့ ပတ်သက်ပြီး IMF ရဲ့ အကြံပြုချက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ လုပ်နည်း လုပ်ဟန်တွေကိုတော့ လုပ်ကိုင်ပါတယ်။ မြန်မာနိုင်ငံနဲ့ မသင့်တော်တဲ့ လုပ်နည်းလုပ်ဟန်တွေကိုတော့ နည်းနည်းဆွဲပြီး လုပ်နေတဲ့ အနေအထားရှိပါတယ်။

**ဒေါ်ဝါဝါမောင်**
**ညွှန်ကြားရေးမှူးချုပ်**
**ဗဟိုစာရင်းအင်းအဖွဲ့**

**မေး။ ။ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ လုပ်ငန်းဆောင်ရွက်မှု အနေအထားတွေနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို လအလိုက်၊ နှစ်အလိုက် ဘယ်လိုကိန်းဂဏန်းအချက်အလက်တွေအပေါ် အခြေခံပြီးတော့ တွက်ချက်ဆောင်ရွက်ထုတ်ပြန်ပေးနေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ဒီငွေကြေးဖောင်းပွမှုနှုန်းနဲ့ပတ်သက်ပြီး တွက်ချက်တဲ့အခါမှာ တွက်ချက်မှု နည်းလမ်းတွေကို ယုံကြည်မှုရှိဖို့အတွက် ပြန်ပြီးတော့ လေ့လာသုံးသပ်ပါတယ်။ လေ့လာသုံးသပ်တဲ့အခါမှာ ဒီတစ်နှစ် တစ်နှစ်ခွဲကြားထဲမှာ international monetary fund ကို Joint exercises နဲ့ ရှစ်ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုတွက်ချက်တဲ့အခါမှာ အဓိကကတော့ လူတစ်ယောက် အသက်ရှင်နေထိုင်ဖို့အတွက် သုံးနေတဲ့ အဓိကကုန်စည်တွေရဲ့ ဈေးနှုန်းတွေကိုကောက်တယ် ဈေးနှုန်းက ကာလတစ်လျှောက်လုံးမှာ ဘယ်လိုတိုးတက်နေသလဲ ဆိုတာကို ကျွန်မတို့ တွက်ချက်တယ်။ ကျွန်မတို့က လေ့ကျင့်ခန်းအနေနဲ့ နေ့တိုင်းတွက်ချက်ပါတယ်။ အပတ်စဉ်တိုင်းထုတ်ပြန်တယ်။

စာမျက်နှာ ၁၀ သို့

# တပ်မတော်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် American Jewish Committee’ s Asia Pacific Institute(API) မှ ဒါရိုက်တာ Mrs. Shira Loewenberg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အား လက်ခံတွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယမန်နေ့နံနက် ၉ နာရီတွင် WFP ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ တာဝန်ခံ Mr. Itaru Furuta အား ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပဋိပက္ခဖြစ်ပွားခဲ့ရာ မောင်တောဒေသသို့ စားနပ်ရိက္ခာများပေးပို့ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးကာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စားနပ်ရိက္ခာကူညီထောက်ပံ့ပေးမှုများကို ပိတ်ပင်ထားမှုမရှိကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပဋိပက္ခဖြစ်ပွားခဲ့ရာဒေသများသို့ ပြည့်ပြည့်ဝဝဖြစ်ရန် အမြန်ဆုံးလုပ်ဆောင်ပေးသွားရေး ရခိုင်ပြည်နယ်အစိုးရအား ညွှန်ကြားထားကြောင်း ပြောကြားသည်။

WFP အဖွဲ့သည် ယနေ့တွင် မောင်တောဒေသ၌ စားနပ်ရိက္ခာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ယနေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်အမှတ်( ၁၅/ ၂၀၁၆)ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် ၂၀၁၆ ခုနှစ်အတွင်း ကော်မရှင်သည်ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ၂၀၁၆ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ဖိုရမ်၏လုပ်ငန်းအဖွဲ့အစည်းအဝေး (၂)ကြိမ်၊ ဖိုရမ်အထူးအစည်းအဝေး(၂)ကြိမ်နှင့် ဖိုရမ်၏(၁၃) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးတစ်ကြိမ်ကို အောင်အောင်မြင်မြင် တာဝန်ယူကျင်းပနိုင်ခဲ့ကြောင်း။

ဖိုရမ်နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် သက်ကြီးရွယ်အိုများအခွင့်အရေးနှင့်စပ်လျဉ်းသည့် ဖိုရမ်၏ ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း၊ ကော်မရှင်သည် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အပြင် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာရှ-ပစိဖိတ်အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာကမ္ဘာ့အဖွဲ့ကြီးတို့နှင့်လည်း လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကော်မရှင်သည် အခြားသောလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်သော OHCHR နှင့် LWF တို့နှင့်ပူးပေါင်း၍ “လူနည်းစုများအခွင့်အရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ” (၁)ကြိမ်နှင့် “ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်တို့ကိုလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း။

ကော်မရှင်သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာနိုင်ငံကပါဝင်ချုပ်ဆိုရန်အတွက် အစိုးရအား အကြံပြုတိုက်တွန်းခဲ့ကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့အစည်းမှ ပြဋ္ဌာန်းခဲ့သည့် လူ့အခွင့်အရေးကွန်ဗင်းရှင်းတစ်ရပ်ဖြစ်သော ASEAN Convention Against Trafficking in Persons, Especially Women and Children ကိုကော်မရှင်အနေဖြင့် သေချာစွာလေ့လာပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၁၆ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်အစည်းအဝေးတွင် ဖိုရမ်အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးခဲ့ကာမြန်မာနိုင်ငံအနေဖြင့် ယင်းကွန်ဗင်းရှင်းကိုပါဝင်ချုပ်ဆိုရန် အစိုးရအားအကြံပြုတိုက်တွန်းခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးကာကွယ်ရေးလုပ်ငန်းအဖြစ် တိုင်တန်းချက်များကို ကိုင်တွယ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ လက်ရှိအချိန်အထိ လက်ခံရရှိသော တိုင်ကြားစာပေါင်း ၄၉၅ စောင်ကျော်ကိုစိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်ကြားစာအချို့နှင့်ပတ်သက်၍လည်း လိုအပ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများလည်းပြုလုပ်ခဲ့ကြောင်း၊ ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းထောင်များနှင့် ရဲအချုပ်ခန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ကျောက်ထုတ်လုပ်ရေးစခန်း၊ စိုက်ပျိုးမွေးမြူရေးစခန်းများကို စစ်ဆေးခဲ့ပြီး ကော်မရှင်၏ အကြံပြုချက်များနှင့်အတူ ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ကော်မရှင်၏တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ရန်အတွက် ဆွီဒင်နိုင်ငံအခြေစိုက် Raoul Wallenberg Institute for Human Rights and Humanitarian Law (RWI)နှင့် ပူးပေါင်း၍ Computerized Complaint Handling System တစ်ရပ် ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း၌ ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်း၊ ကယားနှင့် မွန်ပြည်နယ် အတွင်းရှိမြို့နယ်ပေါင်း (၂၀)မြို့နယ်တွင် အောက်ခြေအဆင့် လူ့အခွင့်အရေး အသိပညာပေးဟောပြောပွဲများ၊ မြို့နယ်အသီးသီးရှိ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေး အသိပညာပေးအလုပ်ရုံ သင်တန်းများကို ကျင်းပခဲ့ကြောင်း၊ ထို့ပြင် ကော်မရှင်သည်ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၇) ကြိမ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်းများရှိ တပ်မတော်အရာရှိသင်တန်းများတွင် လူ့အခွင့်အရေးဘာသာရပ်များကို သွားရောက်ပို့ချခဲ့ကြောင်း၊ ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့၌ နိုင်ငံ့ဝန်ထမ်းများအတွက် ဖွင့်လှစ်သော အရာရှိသင်တန်းများတွင်လည်း လူ့အခွင့်အရေးဘာသာရပ်များပို့ချခဲ့ကြောင်း၊ ကော်မရှင်သည် Raoul Wallenberg Institute (RWI)နှင့်ပူးပေါင်း၍ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အကျဉ်းထောင်များမှ အကျဉ်းဦးစီးဌာနဝန်ထမ်းများအတွက် လူ့အခွင့်အရေးအသိပညာပေးအလုပ်ရုံသင်တန်းများ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**



# မောင်တောဒေသရှိ တိုင်းရင်းသားများအား ကူညီထောက်ပံ့ရေး ဂီတဖျော်ဖြေပွဲပြုလုပ်မည်

**စစ်တွေ ဒီဇင်ဘာ ၉**

အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့မှုကြောင့် မောင်တောဒေသခံ တိုင်းရင်းသားများအား ကူညီထောက်ပံ့နိုင်ရေး ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီအချိန်တွင် စစ်တွေမြို့ ရှုခင်းသာလမ်း အာရီယန်စားသောက်ဆိုင် မြက်ခင်းပြင်၌ ဂီတဖျော်ဖြေပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖျော်ဖြေပွဲသို့ ရခိုင်အဆိုတော် ဝင်းကိုခိုင်၊ ဒိုးအ်ရီ၊ ရီလှိုင်းပြာ၊ စောနှင်းနွယ်၊ ဝတီစိုးမိုး၊ ငြိမ်းစန္ဒာနှင့် ဖြိုးပြည့်စုံ၊ ဂေးဂေး၊ ထွန်းအိန္ဒြာဗိုလ်တို့ကလည်း သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် MUS 2015,MUM 2015-16 2nd Runner & Miss Famous ချိုချိုထွန်း၊ MUS 2016 ခိုင်သန္တာလင်းနှင့် MUS 2016 ပြိုင်ပွဲဝင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။

၎င်းဖျော်ဖြေပွဲမှရရှိသော ရန်ပုံငွေများကို မောင်တောဒေသခံတိုင်းရင်းသားများကို ကူညီထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဂီတဖျော်ဖြေရေးအဖွဲ့ထံမှသိရှိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# လူမှုဖူလုံရေးနယ်လှည့်ရွေ့လျားယာဉ်ဖြင့် စစ်တွေမြို့တွင်လှည့်လည် ဆေးကုသ

**စစ်တွေ ဒီဇင်ဘာ ၉**

လူမှုဖူလုံရေးရုံးချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ စစ်တွေမြို့ ဝက်ဘာကွင်း၌ နယ်လှည့်ရွေ့လျားယာဉ်ဖြင့် ဆေးကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးကုသရေးအဖွဲ့တွင် လူမှုဖူလုံရေးရုံးချုပ်မှ ဒေါက်တာရဲမင်းအောင် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၄ ဦးဖြင့် လူမှုဖူလုံရေးရုံးစိုက်ရာ သံတွဲမြို့နှင့် စစ်တွေမြို့များတွင် ဌာဆိုင်ရာများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကဝန်ထမ်းများအား နယ်လှည့်ရွေ့လျားယာဉ်ဖြင့် ဆေးကုသပေးခြင်းဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်အတိုင်း ကျန်းမာရေးကောင်းမှ လိုရာကိုဆောင်ရွက်နိုင်မှာဖြစ်သောကြောင့် အခုလိုအလုပ်သမားများကို နယ်လှည့်ပြီး ဆေးကုသပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ နောင်ဆိုရင် အလုပ်သမားများအတွက်သာမက ပြည်သူများကိုပါ အခုလို နယ်လှည့်ဆေးကုသပေးစေလိုကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေက ပြောကြားသည်။ “ကျွန်တော်တို့ အခုလို နယ်လှည့် ဆေးကုသရခြင်းရဲ့ ရည်ရွယ်ချက်ကတော့



စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်နေကြတဲ့ အာမခံအလုပ်သမားတွေဟာ ကျန်းမာရေးစောင့်ရှောက်မှုခံယူဖို့ မသွားရောက်နိုင်တဲ့အတွက် ကျွန်တော်တို့ရုံးချုပ်က လုပ်ငန်းခွင်အရောက်ရွေ့လျားယာဉ်နဲ့ သွားရောက်ပြီးတော့ ဆေးကုသပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာ တစ်ခါမှ ဒီလိုမျိုးသွားရောက်ဆေးကုပေးတာတွေ မရှိခဲ့ပါဘူး။ ရုံးမှာတော့ ဆေးခန်းရှိပါတယ်။ ဒါရခိုင်ပြည်နယ်မှာ ပထမဆုံးအကြိမ် နယ်လှည့်ဆေးကုသခြင်းဖြစ်ပါတယ်။ အခု ရခိုင်ပြည်နယ်မှာဆိုရင် သံတွဲမှာ(၃)ရက်ကုသပေးခဲ့ပါပြီ။ စစ်တွေမြို့မှာ(၃)ရက် ဆေးကုသသွားမယ်။ စစ်တွေမြို့မှာ ဒီနေ့ ဝက်ဘာကွင်း၊ မနက်ဖြန် စစ်တွေသင်္ဘောကျင်းနဲ့ ၁၂ ရက်နေ့မှာ စစ်တွေမြို့ဆိပ်ကမ်းအာဏာပိုင်ရုံးဝင်းစတဲ့နေရာတွေမှာ လှည့်လည်ပြီး ဆေးကုသသွားမယ်လို့” ပြည်နယ်လူမှုဖူလုံရေးရုံး ပြည်နယ်မှူး ဦးမောင်သိန်းဖြူက ပြောကြားသည်။ ၎င်းဆေးကုသရေးနယ်လှည့်ယာဉ်တွင် ခာတ်ခွဲစမ်းသပ်ခြင်း၊ သွေးစစ်ခြင်း၊ ECG၊ X-Ray ရိုက်ကူခြင်း စသည့် စက်ကိရိယာများပါဝင်ပြီး ဆေးစစ်ချက်များကို တစ်နေ့တည်းတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


အဆိုပါဆေးကုသနေမှုအား ပြည်နယ်အစိုးရအဖွဲ့ဝင် ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေနှင့် လူမှုဖူလုံရေးရုံး ပြည်နယ်မှူး ဦးမောင်သိန်းဖြူတို့က လှည့်လည်ကြည့်ရှုအားပေးပြီး လူမှုဖူလုံရေးရုံးမှဝန်ထမ်းများကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

■

**ကျောဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံသားများတွေ့ဆုံပွဲတွင် မြန်မာဘာသာစကားဖြင့် အပြန်အလှန်ပြောကြားခဲ့ခြင်းဖြစ်သော်လည်း ထိုသတင်းတွင် ကိုးကားထားသည့် ဗီဒီယိုဖိုင်မှာ Haikal Mansor အမည်ရှိ google account က Youtube တွင် တင်ထားသည့် အင်္ဂလိပ်ဘာသာဖြင့် မဟုတ်မမှန်စာတန်းများ ရေးထိုးထားသည့် ဗီဒီယိုဖြစ်ကြောင်း၊ ခိုင်လုံမှုမရှိသော သတင်းအရင်းအမြစ်တစ်ခု၊ မြန်မာနိုင်ငံအပေါ် အစဉ်အမြဲမဟုတ်မမှန် တိုက်ခိုက်လျက်ရှိသော ဝါဒဖြန့်ချိရေး Account တစ်ခုသာဖြစ်ကြောင်း၊ အဆိုပါ Account မှ Youtube တွင် လွှင့်တင်သော မဟုတ်မမှန် ဗီဒီယိုများနှင့်ပတ်သက်၍ Google Inc. သို့ ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်သိ မြန်မာနိုင်ငံသားများနှင့် တာဝန်သိ သတင်းထောက်များက The Independent သတင်းစာ၏ Online စာမျက်နှာတွင် အဆိုပါသတင်းမှားနှင့်ပတ်သက်၍ ဝေဖန်ထောက်ပြမှုများပြုလုပ်ခဲ့သော်လည်း The Independent သတင်းစာအနေဖြင့် တာဝန်သိ မီဒီယာပီသစွာဖြင့် ပြင်ဆင်ဖော်ပြခဲ့ခြင်း မရှိခဲ့ကြောင်း၊ The independent.sg သည် စင်ကာပူနိုင်ငံရှိသတင်းများနှင့် နောက်ဆုံးအခြေအနေများကို လွတ်လပ်စွာ ရေးသားဖော်ပြနေသည့် မီဒီယာတစ်ခုဖြစ်ကြောင်း ဖော်ပြထားပြီး ထုတ်ဝေသူ၊ အယ်ဒီတာမှာ Kumaran Pilla ဆိုသူ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






# ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်



**နေပြည်တော် ဒီဇင်ဘာ ၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများအား သွားရောက်၍ UNHCR မှ ထောက်ပံ့ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ ကုလသမဂ္ဂလက်ထောက် ဌာနေကိုယ်စားလှယ် ခရစ္စတိုဖာ ကာတာတို့သည် ရခိုင်ပြည်နယ် မောင်တောမြို့ ဂေါ်ဒူသာရကျေးရွာအုပ်စု ရွှေဇဟိုကျေးရွာရှိ အိမ်ထောင်စု ၂၇ စု လူဦးရေ ၁၅၀နှင့် ဒုချီးရားတန်း ကျေးရွာအုပ်စု မြောင်ရွာ(အရှေ့ရွာ)ရှိ အိမ်ထောင်စု ၁၀ စု လူဦးရေ ၅၆ ဦးတို့အား မီးဖိုချောင်သုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## အစားအစာမဟုတ်သောပစ္စည်းများ လိုအပ်ချက်အကဲခတ်ခြင်းနှင့် ဖြန့်ဝေခြင်းအစီအစဉ် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ)

| စဉ် | လိုအပ်ချက် အကဲခတ်သော ရက်စွဲ | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ | လူဦးရေ အရေ အတွက် | မိသားစု အရေ အတွက် | ဖြန့်ဝေမည့်ပစ္စည်းစာရင်း | ဖြန့်ဝေမည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ၇/၁၂/၂၀၁၆ | မောင်တောမြို့ | ဂေါ်ဒူသာရ | ရွှေဇဟို | ၁၅၀ | ၂၇ | မီးဖိုချောင်သုံးပစ္စည်း၊တာပေါ်လင်၊ လူကြီး၊ ကလေးဝတ် အဝတ်ထုပ်၊ အမျိုးသမီးလစဉ်သုံးပစ္စည်းထုပ်၊ ပလတ်စတစ်ဖျာ၊ စောင်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်ရေပုံး | ၉/၁၂/၂၀၁၆ | |
| ၂။ | ၇/၁၂/၂၀၁၆ | မောင်တောမြို့ | ဒုချီးရားတန်း | မြောင်ရွာ (အရှေ့ရွာ) | ၅၆ | ၁၀ | မီးဖိုချောင်သုံးပစ္စည်း၊ တာပေါ်လင်၊ လူကြီး၊ ကလေးဝတ် အဝတ်ထုပ်၊ အမျိုးသမီးလစဉ်သုံး ပစ္စည်းထုပ်၊ ပလတ်စတစ်ဖျာ၊ စောင်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်ရေပုံး | ၉/၁၂/၂၀၁၆ | |

# ၂၀၁၆ ခုနှစ် ဒသမအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာ့တင်းနစ်အားကစား အဆင့်အတန်းတိုးတက်အောင်မြင်လာစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အဓိက ကူညီပံ့ပိုးသော ၂၀၁၆ ခုနှစ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ဗညားဒလလမ်းရှိ သိမ်ဖြူ တင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး(mixed doubles) နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသက်(၁၀)နှစ်နှင့်အောက်၊ အသက်(၁၂)နှစ်နှင့်အောက်၊ အသက် ၁၄ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။ အသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားသော ကလပ်အသင်းများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ကွင်းတာဝန်ခံ ဒေါ်မေဖြိုးကျော် ဖုန်း-၀၉ ၂၅၀၁၈၇၀၄၀၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် စုံစမ်းရေးဌာန ဖုန်း-၀၉ ၂၅၀၀၂၀၀၅၄ တို့သို့ ဒီဇင်ဘာ ၁၀ ရက်နောက်ဆုံးထား အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အမှု အာမခံရရှိရန် ဒုတိယအကြိမ်မြောက်ပြန်လည်လျှောက်ထား

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲ ဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အမှုအား ယနေ့နံနက်ပိုင်းက ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူတို့ဘက်မှ အာမခံရရှိရန် ဒုတိယအကြိမ် ပြန်လည်လျှောက်ထားကြောင်း တာမွေမြို့နယ် တရားရုံးမှသိရသည်။

"ဒီနေ့ မနက် ၁၀ နာရီမှာ တရားလိုကို စစ်ဖို့ ချိန်းထားတာပါ။ တရားလိုဘက်က ရောက်ရှိကြောင်း သတင်းပို့ခဲ့ပါတယ်။ စွပ်စွဲခံရတဲ့သူဘက်က ရှေ့နေ ဦးကျော်စိုးမိုးလည်း ရောက်ရှိ သတင်းပို့ခဲ့ပါတယ်။ မွန်းတည့် ၁၂ နာရီအထိ စွပ်စွဲခံရတဲ့သူတွေကို ရုံးရှေ့ တင်ပို့နိုင်ခြင်းမရှိပါဘူး။ ဒါ့အပြင် တရားလို ဦးမိုးဟိန်းက ရုံးကိစ္စ အရေးပေါ် ရှိနေကြောင်း တင်ပြခွင့်တိုင်ကြားတဲ့အတွက် ဒီနေ့ တရားလိုဘက်ကို မစစ်ဆေးနိုင်ခဲ့ပါဘူး။ မွန်းလွဲ တစ်နာရီခွဲမှ စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်နဲ့ ဦးဝေဖြိုးတို့ ရောက်ရှိလာတယ်။ စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၇ အရ အာမခံပေးဖို့ အကျိုးဆောင်ရှေ့နေက ထပ်မံလျှောက်ထားတယ်။ လျှောက်ထားမှုအပေါ် နှစ်ဖက်လျှောက်လဲချက်ကို ကြားနာခဲ့ပါတယ်"ဟု အဆိုပါ အမှုနှင့် ပတ်သက်၍ ယနေ့ရုံးထုတ်မှုအပေါ် တာမွေမြို့နယ် တရားသူကြီးကပြောသည်။

အဆိုပါအမှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက တရားလိုပြုလုပ်၍ Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၆(ဃ) ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တာမွေမြို့နယ် ရဲစခန်းက နိုဝင်ဘာ ၂၅ ရက်တွင် မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ယင်းနေ့တွင် စွပ်စွဲခံရသူတို့ဘက်မှ အာမခံရရှိရန် လျှောက်ထားခဲ့သော်လည်း နိုဝင်ဘာ ၃၀ ရက် ရုံးထုတ်ရာတွင် အာမခံလျှောက်ထားမှုကို ပလပ်လိုက်ကြောင်း သိရသည်။

ယနေ့ရုံးထုတ်ရာတွင် တရားလိုဘက်ကို စတင်စစ်ဆေးရန် စီစဉ်ထားသော်လည်း Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင် ချော်လဲသဖြင့် ချိန်းဆိုထားသည့် အချိန်တွင် တရားခွင်သို့ မရောက်ရှိခဲ့ကြောင်း၊ တရားလိုဘက်မှလည်း အရေးပေါ် ရုံးကိစ္စရှိကြောင်း တင်ပြခွင့်တိုင်ကြားခဲ့သည့်အတွက် စွပ်စွဲခံရသူ Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့ တရားခွင်သို့ရောက်ရှိလာချိန်တွင် ယင်းအမှုကိုလိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က Eleven Media Group ၏ CEO အတွက် အာမခံရရှိရန် ဒုတိယအကြိမ်ပြန်လည်လျှောက်ထားခဲ့ကြောင်းသိရသည်။

ယင်းသို့ အာမခံရရှိရန်လျှောက်ထားရာတွင် Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်သည် ချော်လဲပြီးလမ်းမလျှောက်နိုင်ကြောင်း၊ ကျန်းမာရေးလည်းမကောင်းကြောင်း၊ ထို့အပြင် ပုဗ္ဗသီရိမြို့နယ်တရားရုံးတွင်လည်း အာမခံဖြင့် အမှုရင်ဆိုင်နေရဆဲဖြစ်ကြောင်းတို့ကို တင်ပြ၍ လျှောက်လဲချက်ပေးခဲ့ကြောင်း တာမွေမြို့နယ် တရားသူကြီးထံမှသိရသည်။

"ဒီမနက်မှာ CEO ရောဂါကြောင့် ချော်လဲသွားတယ်။ ရရှိတဲ့ဒဏ်ရာကိုလည်း ဓာတ်မှန်ရိုက်ထားပါတယ်။ တရားရုံးမှာတော့ ဆရာတို့ အာမခံပြန်လျှောက်တယ်။ တရားရုံးက ထောင်ဆရာဝန်ကိုစစ်ဦးမယ်ပြောတယ်။ ထောင်ဆရာဝန်ကိုစစ်ပြီးမှ အာမခံတင်တာကိုစဉ်းစားမယ်လို့ပြောတယ်" ဟု အဆိုပါအမှုကိုလိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က မီဒီယာများကို ပြောသည်။

အဆိုပါအမှုကို ဒီဇင်ဘာ ၁၅ ရက်တွင် စစ်ဆေးရန်ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် စတင်၍ အကျဉ်းထောင် ဆရာဝန်ကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဏိတ)**

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများမှ စာအုပ်စာစောင်များပေးအပ်ကြရေး ပြင်ဆင်ချက်ကို အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၆)ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယခင်က ပုံနှိပ်သူ၊ ထုတ်ဝေသူများအနေဖြင့် မိမိတို့ထုတ်ဝေသော စာအုပ်စာစောင် လေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document တို့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်လျက်ရှိရာ အထက်ပါ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအရ Electronic Document ကို ပေးအပ်ရန် မလိုအပ်တော့ဘဲ ပုံနှိပ်သူ၊ ထုတ်ဝေသူလုပ်ငန်းရှင်များအနေဖြင့် မိမိထုတ်ဝေသော စာအုပ်စာစောင်ခြောက်အုပ် သို့မဟုတ် ခြောက်စောင်ကိုသာ ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပြီး တိုးမြှင့်တောင်းခံသည့် နှစ်အုပ် သို့မဟုတ် နှစ်စောင်မှာ အမျိုးသားစာပေဆုရွေးချယ်ရေး ကော်မတီအတွက်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်သူ၊ ထုတ်ဝေသူလုပ်ငန်းရှင်များအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများအရ မိမိထုတ်ဝေသော ထုတ်ဝေစာများကို နည်းဥပဒေပါ သတ်မှတ်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ မပျက်မကွက် လာရောက်ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**(ပြန်ကြားရေးဝန်ကြီးဌာန)**

○○

**❂ စာမျက်နှာ ၇ မှ**

လစဉ်အနေနဲ့ The selected monthly economic indicator (SMEI) စာအုပ်မှာ ထုတ်ပြန်တယ်။ နှစ်စဉ်ဆိုရင်တော့ Statistical Year book မှာ ထုတ်ပြန်ပါတယ်။ ကျွန်မတို့က အပတ်စဉ်တိုင်းမှာ ဗဟိုစာရင်းအဖွဲ့ဝက်ဘ်ဆိုက်မှာ ငွေကြေးဖောင်းပွမှုနှုန်းကို အချိန်နဲ့တစ်ပြေးညီတင်ပေးပါတယ်။ အဲဒီလို တွက်ချက်တဲ့အခါမှာ အရင်တုန်းကဆိုရင် ၂၀၀၆ နဲ့ တွက်ချက်တယ်။ အခု ၂၀၁၆ ဆိုတော့ ၁၀ နှစ်ရှိသွားပြီ။ တခြားနိုင်ငံတွေကလည်း သူတို့ရဲ့ base years တွေကို ပြန်ချိန်းနေပြီ။ ပြန်တည်ဆောက်နေပြီ။ ကုန်စည်တွေကို ပြန်ပြီးတော့ စိစစ်တဲ့အခါမှာ ကုန်စည်အမျိုးအမယ်ပေါင်း ၁၅၈ မျိုးကို ကောက်ခဲ့ပါတယ်။ ဒီတော့ အခုလက်ရှိ လူအများစု အသုံးပြုနေတဲ့ ကုန်စည်အမျိုးအမည်ကို လိုက်ပြီးရှာဖွေတဲ့အခါမှာ လက်ရှိစားသုံးမှု ပုံသဏ္ဌာန်ကို ထင်ဟပ်စေတဲ့ အခုတွက်ချက်မှုဟာ ကုန်စည် ၂၇၄ မျိုးအပေါ်မှာ စိစစ်ပြီးတော့ တွက်ချက်တဲ့အတွက် ပိုပြီးတော့ ခိုင်မာတယ်။

နောက်တစ်ခုက ကျွန်မတို့က ဈေးနှုန်းကို ကောက်ခံတဲ့အခါမှာ အသေးစိတ် ကောက်ခံလို့မရဘူး။ နောက်တစ်ခုက မြန်မာပြည်အနှံ့အပြား ကိုယ်စားပြုရမှာဖြစ်တဲ့အတွက် မြို့ကြီးနဲ့ မြို့ငယ်လေး ၈၀ ကျော်ကို ကောက်ခံခဲ့ပါတယ်။ ကုန်စည်ရဲ့ အမျိုးအစားတွေ နှစ်အလိုက်ကောက်ခံလို့ရတဲ့ ဈေးနှုန်းတွေကို ပြန်ပြီးစိစစ်တယ်။ လွန်ခဲ့တဲ့ သုံးလအတွင်း အသွင်ကူးပြောင်းရေးကာလဆိုတော့ base years ကို နှစ်မျိုးစလုံးနဲ့ ထုတ်ပြန်ခဲ့တယ်။

စောစောက ဒုတိယဝန်ကြီးနဲ့ ဒုတိယဥက္ကဋ္ဌ ဆွေးနွေးခဲ့သလိုပဲ ငွေကြေးဖောင်းပွမှုနှုန်းက ၂၀ ရာခိုင်နှုန်းကျော်ရင် မကောင်းဘူး။ ဒါကြောင့် ထိန်းချုပ်ရမယ့် အနေအထားမျိုးတော့ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ဒီလိုအခြေအနေမျိုးတွေနဲ့ အရင်တုန်းကလည်း ကြုံခဲ့ဖူးပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်တဲ့အခါမှာ နိုင်ငံတကာက အတွေ့အကြုံရှိတဲ့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)လို အဖွဲ့အစည်းတွေနဲ့ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ပြီး ယုံကြည်မှုရှိရှိနဲ့ ထုတ်ပြန်ခဲ့ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# အောင်စိုးမိုးကျော်၂ နစ်မြုပ်ရာတွင် သေဆုံး၊ပျောက်ဆုံး၊ဆုံးရှုံးနစ်နာသူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က ဝမ်းနည်းကြောင်းမှတ်တမ်းတင်

**စစ်ကိုင်း ဒီဇင်ဘာ ၉**

အောင်စိုးမိုးကျော်၂ အမြန်ရေယာဉ်နစ်မြုပ်ရာတွင် သေဆုံးသူများနှင့် ပျောက်ဆုံးသူများ ဆုံးရှုံးသူမိသားစုများအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပေးပါရန် မုံရွာမြို့နယ် မဲဆန္ဒနယ် အမှတ်၂ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က ဒီဇင်ဘာ ၈ ရက်တွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပသော ဒုတိယအကြိမ်တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားကိုရယူကာ လွှတ်တော်တွင် မှတ်တမ်းတင်ခဲ့သည်။

"အောက်တိုဘာ ၁၅ ရက်က ချင်းတွင်းမြစ်ထဲ ဟုမ္မလင်းမှ မုံရွာကို ပြေးဆွဲလာတဲ့ခရီးသည်တင် အောင်စိုးမိုးကျော်၂ အမြန်ရေယာဉ်နစ်မြုပ်ခဲ့တာနဲ့ မော်တော်ပေါ်မှာပါလာတဲ့ခရီးသည်တွေ သေကျေပျောက်ဆုံးတာတွေအတွက် အသက်ဆုံးရှုံးသွားခဲ့တဲ့နိုင်ငံ့ဝန်ထမ်းပညာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ တပ်မတော်သားဝန်ထမ်းတွေ၊ အခြားဌာနဆိုင်ရာဝန်ထမ်းတွေ၊ အရပ်သား ခရီးသည်တွေအတွက် ဝမ်းနည်းကြောင်း လွှတ်တော်က မှတ်တမ်းတင်ပေးဖို့ အဆိုတင်သွင်းတာဖြစ်ပါတယ်"ဟု ဒေါ်အောင်ကြည်က ပြောသည်။

အောင်စိုးမိုးကျော်၂ နစ်မြုပ်မှုအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းတင်ခြင်း စာရင်းအရ ရေယာဉ်ပေါ်တွင် ခရီးသည်ပေါင်း၂၅၀ တွင် သေဆုံးသူပေါင်း ၅၀၊ ပျောက်ဆုံးသူပေါင်း ၄၀ ရှိခြင်းကြောင့် ဆုံးရှုံးသူပေါင်း ၉၀ နှင့် အသက်ရှင်ကျန်ရစ် သူပေါင်း ၁၆၀ ရှိသည်ဟု မှတ်တမ်းတွင်ဖော်ပြထားကြောင်း တင်သွင်းသည့် ဝမ်းနည်းမှတ်တမ်းတွင် ဖော်ပြထားသည်။ ရေယာဉ်နစ်မြုပ်မှုကြောင့် ကျောင်းဆရာနှင့် ဆရာမ ၃၅ဦး သေဆုံးပြီး ၄၀ကျန်ရစ်၊ ကျန်းမာရေးဆရာဝန်မတစ်ဦး သေဆုံးပြီး သူနာပြုဆရာမတစ်ဦး ကျန်ရစ်ကာ သူနာပြုဆရာမတစ်ဦး ပျောက်ဆုံးကြောင်း ပါဝင်သည်။ ကျေးလက်ဦးစီးဌာနမှ အင်ဂျင်နီယာတစ်ဦးသေဆုံးပြီး တပ်မတော်သားနှစ်ဦးသေဆုံးကာ အဝေးသင်ကျောင်းသားတစ်ဦးသေဆုံးပြီး ၃၆ ဦး အသက်ရှင်ကျန်ရစ်ကြောင်း သိရသည်။ ထို့ပြင် မူလတန်းအရွယ်ကလေးခြောက်ဦး သေဆုံးပြီး အရပ်သားလေးဦး သေဆုံးကာ ၈၃ ဦးအသက်ရှင်ကျန်ရစ်သလို အရပ်သား ၃၉ဦး ပျောက်ဆုံးခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ နောက်ဆုံး အတည်ပြုချက်မှတ်တမ်းများအရ သိရသည်။

ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးသူများ ချင်းတွင်းမြစ်အတွင်း မျောပါနေသောရုပ်အလောင်းများကို ဆယ်ယူ၍ နီးစပ်ရာသုသာန်များသို့ မီးသဂြိုလ်ပေးခြင်း၊ ဆယ်ယူရရှိသောရုပ်အလောင်းများကို ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ နီးစပ်ရာဆေးရုံဆေးပေးခန်းများသို့ ပို့ဆောင်ခြင်းတို့ကိုလည်းကောင်း၊ အသက်ရှင်ကျန်ရစ်သူ ၁၆၀ ကိုလည်း ယာယီကယ်ဆယ်ရေးစခန်းများပြုလုပ်ခြင်း၊ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုကူညီရေးအသင်းများမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မှတ်တမ်းတွင်ပါဝင်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရန်ကုန်မြို့ရှိအရေးကြီးနေရာများတွင် CCTV ကင်မရာများတပ်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်မြို့ရှိတန်ခိုးကြီးဘုရားနေရာများနှင့် Tourists Attracti နေရာများတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် လာမည့်နှစ်တွင် CCTV ကင်မရာများ တပ်ဆင်သွားမည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

"လာမယ့်နှစ်ထဲမှာ လမ်းဘေးဓာတ်တိုင်ပေါင်း တစ်သိန်းလောက်ထဲက သုံးထောင်လောက်ကို ရွေးထုတ်ပြီးတော့ အရေးကြီးတဲ့နေရာတွေမှာ ဆိုလာစနစ်နဲ့ မီးလင်းနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီဓာတ်တိုင်သုံးထောင်နဲ့အတူ CCTV ကင်မရာတွေလည်း ပါဝင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဒေါ်နော်ပန်းသဉ္ဇာမျိုးက "ဒီလိုလုပ်ဆောင်တဲ့နေရာမှာ နိုင်ငံတော်ဘတ်ဂျက်တစ်ပြားတစ်ချပ်မှမသုံးဘဲ ဆက်သွယ်ရေးကုမ္ပဏီတွေကနေ မြေအောက်လမ်းကြောင်းတွေ ဖောက်လုပ်နေတာတွေ ရှိပါတယ်။ အစိုးရဓာတ်မီးတိုင်တွေကနေ ဆက်သွယ်ရေးလိုင်းတွေကို သွယ်ဖို့အတွက် လာရောက်လျှောက်ထားကြတဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းတွေကလှူဒါန်းတဲ့ ဓာတ်တိုင်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။ ယင်းအပြင် ဓာတ်တိုင်ပေါင်းတစ်သိန်းကို တပ်ဆင်ပါက နှစ်နှစ်ခန့်အချိန်ပေးရမည်ဖြစ်ပြီး သုံးထောင်ကို အရင်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

**ရေရှည်တည်တံ့ဖွံ့ဖြိုးစေဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**



# ပြည်တွင်းရေးရာ

(၉-၁၂-၂၀၁၆)ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ KIA,TNLA , MNDAA နှင့် AA လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဆုံးရှုံးမှုအခြေအနေ

| စဉ် | အကြောင်းအရာ | ကျဆုံး/သေဆုံး | | | ဒဏ်ရာရ | | |
|---|---|---|---|---|---|---|---|
| | | အမျိုးသား | အမျိုးသမီး | ပေါင်း | အမျိုးသား | အမျိုးသမီး | ပေါင်း |
| ၁ | ရဲတပ်ဖွဲ့ဝင် | ၁၅ | | ၁၅ | ၁၁ | | ၁၁ |
| ၂ | ဝန်ထမ်း | | | | ၂ | | ၂ |
| ၃ | ပြည်သူ့စစ် | ၁ | | ၁ | | | |
| ၄ | အပြစ်မဲ့ပြည်သူ | ၉ | ၄ | ၁၃ | ၃၂ | ၁၇ | ၄၉ |
| | စုစုပေါင်း | ၂၅ | ၄ | ၂၉ | ၄၅ | ၁၇ | ၆၂ |

မှတ်ချက်။ ရဲတပ်ဖွဲ့မှ လက်နက် ၄၉ လက် ဆုံးရှုံးခဲ့သည့်အနက် ၉လက်ပြန်လည်ရရှိပြီး လက်နက်မျိုးစုံ အလက်၄၀ ဆုံးရှုံးခဲ့သည်။

## KIA, TNLA, MNDAA နှင့် AA လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုစာရင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၉**
ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နိုဝင်ဘာ ၂၀ ရက်မှ စတင်ပြီး KIA, TNLA, MNDAA နှင့် AA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ၁၅ဦး၊ ပြည်သူ့စစ် တစ်ဦး၊ ပြည်သူ ၁၃ဦး စုစုပေါင်း ၂၉ဦး ကျဆုံး၊ သေဆုံးခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင် ၁၁ဦး၊ ဝန်ထမ်းနှစ်ဦးနှင့် ပြည်သူ ၄၉ ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း၊ ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ ၄၉ လက် ဆုံးရှုံးခဲ့မှုအနက် ၉ လက် ပြန်လည်ရရှိခဲ့သဖြင့် အလက် ၄၀ ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## MNDAA လက်နက်ကိုင်တစ်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၉**
ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ လောက်ကိုင်မြို့နယ် အတွင်းရှိ တပ်မတော်စစ်ကြောင်းအခြေပြုနေရာသို့ ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီခန့်တွင် MNDAA လက်နက်ကိုင်အဖွဲ့မှ ရှောက်လောင်ဟူသည် ၎င်းကိုင်ဆောင်သည့် အမ်(၂၂) တစ်လက်၊ ၎င်းကျည် ၁၂၀ တောင့်၊ ကျည်အိမ်လေးခုနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ရှောက်လောင်ဟူ၏ ပြောကြားချက်များအရ ၎င်းသည် ရင်ဖန်ရွာသားဖြစ်ပြီး လွန်ခဲ့သောတစ်လခန့်က ချင်မာလင်ကျေးရွာသို့ သွားရောက်စဉ် တာမလီဆူးရွာအနီး၌ MNDAA လက်နက်ကိုင်အဖွဲ့၏ အဓမ္မဖမ်းဆီးခေါ်ဆောင် လူသစ်စုဆောင်းမှုကို ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းပါဝင်သောအဖွဲ့တွင် အဖွဲ့ဝင်စုစုပေါင်း ၂၇ ဦးပါဝင်ပြီး ခေါင်းဆောင်မှာ ခွဲမှူးအဆင့်ရှိ ကျန်ကြာအယ်ဖြစ်ကာ အဖွဲ့တွင် အာပီဂျီ တစ်လက်နှင့် လက်နက်ငယ်ကိုယ်စီရှိကြောင်း၊ ၎င်းတို့အဖွဲ့သည် ဝမ်ရှင်းရွာနှင့် သံလွင်မြစ်ကြား လျှိုများတွင်နေထိုင်ကြပြီး လွန်ခဲ့သည့် ၃ ရက်မှစတင်၍ တာမလီဆူးရွာ အနောက်မြောက်ဘက်ရှိ လျှိုများတွင် အဖွဲ့ခွဲ၍နေထိုင်ကြကာ ရိက္ခာကို မန်တုံပါးဈေးနေ့တွင် အရပ်ဝတ်ဖြင့် သွားရောက်ဝယ်ယူကြကြောင်း သိရသည်။

၎င်းအနေဖြင့် MNDAA လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်များအပေါ် လက်ခံမှုမရှိခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်များကို သိရှိလာခြင်းကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ရန်အတွက် ဒီဇင်ဘာ ၇ ရက်တွင် တာမလီဆူးရွာအနီးမှ ရင်ဖန်ရွာသို့ ထွက်ပြေးလာပြီး တပ်မတော်စစ်ကြောင်း အခြေပြုနေရာသို့ လာရောက်၍ ဥပဒေဘောင်တွင်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## MNDAA လက်နက်ကိုင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**
ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ လောက်ကိုင်မြို့အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခန့်တွင် ရပ်ကွက်(၃)၊ ဘုံခုနစ်ဆင့် အဝိုင်းအနီး၌ မသင်္ကာဖွယ် လူတစ်ဦးအား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ MNDAA လက်နက်ကိုင်အဖွဲ့ တပ်ရင်း(၂၉)မှ တပ်စိတ်မှူးအဆင့်ရှိ ဝူးကျင်းချန်(ဘ) ဦးရန်တဲချန်၊ ညိုဖျင်စပါးကျေးရွာ၊ လုံထန်ကျေးရွာအုပ်စု လောက်ကိုင်မြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

ဝူးကျင်းချန်၏ ထွက်ဆိုချက်များအရ ၎င်းသည် လောက်ကိုင်ဒေသ တိုက်ပွဲမဖြစ်မီ MNDAA လက်နက်ကိုင်အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ ၂၀၁၅ ခုနှစ် တိုက်ပွဲများဖြစ်ပွားစဉ် တစ်ဖက်နိုင်ငံသို့ တိုက်ပွဲရှောင်ရန် သွားရောက်နေထိုင်ရာမှ ဇူလိုင်လခန့်တွင် MNDAA အဖွဲ့၏ ဖမ်းဆီးခံခဲ့ရပြီး နမ့်ကြားနှင့် တာရှင်မင်ခန်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ရကြောင်း၊ ကုန်းကြမ်းမြို့နယ် ရှင်ပင်ကိုင်းကျေးရွာ၊ နမ့်ခုံဟော်ကျေးရွာ၊ တာကျူကျိုင်းကျေးရွာနှင့် ကြာတီမောကျေးရွာများတွင် လူသစ်စုဆောင်းသည့် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုနေအိမ်သို့ပြန်ချိန်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ဖမ်းဆီးရမိသည့်လက်နက်ကိုင်အား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

### ❂ မြို့တွင်းလေးမြို့နယ်မှ

မဟာဗန္ဓုလလမ်းဘေးတစ်လျှောက်ရှိ ဈေးသည်များ၊ တိုက်ခန်းများမှ ပြည်သူများ၊ လမ်းသွားလမ်းလာများ ကြည့်ရှုကြပြီးဖုန်းများဖြင့် ဓာတ်ပုံရိုက်ကြသည်ကို မြင်ရသည်။ ဈေးသည်များကို (ပြန်လည်ဈေးရောင်းချခွင့်ပြုပါ)၊ ညဈေးတန်းခြစားမှုများ(ပြန်လည်စိစစ်ပေးပါ)၊ ယခင်နေရာတွင် စည်းကမ်းရှိစွာ (ရောင်းခွင့်ပြုပါ)၊ ဈေးသည်များကို ပစ္စည်းသိမ်းဖမ်းဆီးခြင်းများကို (တားမြစ်ပေးပါ) ဆိုသော ကြွေးကြော်သံလေးချက်ကို အဓိကထားပြောဆိုပြီး မော်တင်(လမ်းသစ်)လမ်းခုံးကျော်တံတားအောက်စုရပ်နှင့် မဟာဗန္ဓုလပန်းခြံတို့တွင် လာရောက်သတင်းယူသူ မီဒီယာသမားများနှင့်တွေ့ဆုံကာ ဈေးသည်အချို့မကျေနပ်မှု ဖြစ်စေလိုသည့်ဆန္ဒများပြောကြားသည်ကို မြင်တွေ့ရသည်။

စီတန်းလှည့်လည်ရာလမ်းတစ်လျှောက်မြို့နယ်များမှတာဝန်ရှိသူများနှင့်ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိထိန်းသိမ်းစောင့်ရှောက်ပေးသည်ကိုလည်း မြင်တွေ့ရသည်။ လမ်းသစ်လမ်း လူကူးခုံးကျော်တံတားအောက်စုရပ်တွင် မီဒီယာသမားများက မှတ်တမ်းရိုက်ခြင်း၊ အသံသွင်း၊ မေးမြန်းမှုကို ဈေးသည်များနှင့်ပြုလုပ်ချိန်တွင် ရပ်ကွက်အတွင်းနေပြည်သူတစ်ဦးက နေအိမ်များတွင်နေထိုင်နေသူပြည်သူများ၏ခံစားရမှုများကိုလည်း ရယူမှတ်တမ်းတင်သွားစေလိုသည်ဟု ပြောကြားသည်။

ရန်ကုန်မြို့တွင်း အများပြည်သူသွားလာမှုများသော မြို့နယ်လေးမြို့နယ်အတွင်းမှ ကားလမ်းမပေါင်း ၁၁ လမ်းတွင် ဈေးရောင်းချခွင့်မပြုထားသော်လည်း မဟာဗန္ဓုလလမ်း၏ အထက်ဘက်ခြမ်း စီတန်းလှည့်လည်သည့် ကားလမ်းဘေးယာဉ်ရပ်နားရာနေရာအချို့နှင့် ပလက်ဖောင်း လူသွားစင်္ကြံပေါ်တို့တွင် ဈေးရောင်းချမှုရှိနေဆဲကို အမိုးများ၊ ရွက်ဖျင်တဲများဖြင့် လမ်းသစ်လူကူးခုံးကျော်တံတားမှ အစပြု၍ သိမ်းကြီးဈေးဝန်းကျင်တွင် မြင်တွေ့နေရသည်ဟု ရန်ကုန်မြို့လယ်နေသူတစ်ဦးက ပြောသည်။ အချို့နေရာများတွင် နေအိမ်မှ လမ်းကျော်လျှပ်စစ်မီးရယူအသုံးပြုခြင်းပင်ရှိနေသည်ဟု ဆိုသည်။

ကမ်းနားလမ်းညဈေးတန်းတွင် နံနက် ၆ နာရီမှ ၁၁ နာရီ ဈေးသည်တစ်ဦးလျှင် လေးပေနှုန်းဖြင့် ဟင်းသီးဟင်းရွက်၊ သားငါးများ လမ်းမတော်မြို့နယ်အတွင်း ရောင်းချခွင့် စတင်မြင်တွေ့လာရသည်။

ကောက်ယူခဲ့သော စာရင်းများအရ မြို့တွင်း(၄) မြို့နယ်တွင် ဈေးသည် ၆၀၁၀ ဝန်းကျင်ရှိရာမှ ၁၆၀၀ ဝန်းကျင်ကိုသာ သစ်သီး၊ အစားအသောက်ရောင်းချသူများအနေဖြင့် ကမ်းနားလမ်းညဈေးတန်းတွင် မဲနှိုက်နေရာရယူ ရောင်းချခွင့်ရခဲ့သည်။ ဒီဇင်ဘာ ၈ ရက်နောက်ဆုံးထား၍ ကမ်းနားလမ်းညဈေးတန်းတွင် ဆိုင်ဖွင့်ရောင်းချခြင်းမရှိပါက ဆိုင်နေရာပြန်လည်သိမ်းသွားမည်ဟု ဖော်ပြသော အသိပေးစာများ၊ ဆိုင်ခန်းနေရာရရှိထားသူများထံ ဝေငှထားမှုရှိခဲ့သည်ဟု အနော်ရထာလမ်းပေါ် ဈေးရောင်းချသူ ကိုနေဝင်းထိုက်က ပြောသည်။

မဟာဗန္ဓုလလမ်း၏ လိုင်းကားယာဉ်ကြောဘက်ခြမ်းတွင် ဈေးရောင်းချသူအသစ်များ မြင်တွေ့လာရသည်။ ညဈေးတန်းတွင်ရောင်းချခွင့်ရသူများသည်လည်း မူလနေရာဟောင်းများတွင် ဆက်လက်ဖွင့်လှစ်ရောင်းချဆဲရှိနေသည်ကို လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်အတွင်းမြင်တွေ့နေရဆဲဖြစ်သည်။

လမ်းသွယ်များအတွင်း ဝင်ရောက်ဈေးရောင်းချရန်ဆိုသော်လည်း လမ်းသွယ်အများစုတွင် ပြင်ပဈေးသည်ဈေးမရောင်းရ စာတန်းတွင် ချိတ်ဆွဲထားမှုရှိသည်။ သို့သော် လမ်းသွယ်ထိပ်အချို့တွင် ဈေးဆိုင်ခုံအများအပြားဖြင့်ရောင်းချသော စားသောက်ဆိုင်ကြီးအချို့ရောင်းချခွင့်ရရှိနေသည်ကို မြင်တွေ့ရသည်။ မြေညီထပ်အိမ်ရှင်များက သဘောတူသော်လည်း ကားရပ်ရန် နေရာအခက်အခဲကြောင့် ခွင့်မပြုဟု ပြောဆိုသော်လည်း ဈေးဆိုင်တစ်ဆိုင်တည်းဖြင့် နေရာအကျယ်အဝန်းရယူပြောင်းရွှေ့ဖွင့်လှစ်သည့် လမ်းသွယ်အချို့မြင်တွေ့ရသည်။

ကမ်းနားလမ်း ညဈေးတန်းခြစားမှုများ ပြန်လည်စိစစ်ပေးပါဆိုသော အချက်မှာမူ ပွင့်လင်းမြင်သာမှုရှိစွာ စစ်ဆေးဖော်ထုတ်လျှင် ပြေလည်သွားရန်ရှိသည်။ အမြင်မရှင်းသော လုပ်ဆောင်နေရာချမှုအချို့နှင့်ပတ်သက်၍ စနစ်တကျဓာတ်ပုံရိုက်မှတ်တမ်းတင် စာရင်းကောက်ယူထားမှုများရှိထားပြီးဖြစ်ရာ မသမာမှုများရှိလျှင် စစ်ဆေးဖော်ထုတ်ရန်လွယ်ကူသည်။

ဈေးသည်အချင်းချင်း မသမာမှုဖြစ်စဉ်များသိရှိပြီးဖြစ်နေရာ သက်ဆိုင်ရာက အသိပေးထားသကဲ့သို့ အောက်ခြေတွင် တွေ့ကြုံနေရသော အဂတိလိုက်စားမှုများကို ပစ်စာသဘောမျိုးမဟုတ်ဘဲ တိုင်စာအနေဖြင့် တိုင်ကြားသင့်သည်။

ကြွေးကြော်သံအဖြစ် ညဈေးတန်းခြစားမှု ဟစ်ကြွေးမည့်အစား သက်ဆိုင်ရာသို့ ထိရောက်စွာသတင်းပို့တိုင်ကြားလျှင် ဈေးသည်များ၏ဆန္ဒတစ်ခုပြည့်ဝသွားရန်ရှိသည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောကြားမှုရှိသည်။

အလားတူ စောင့်ကြည့်ရမည့် စိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေသည့် ဈေးသည်များ၏ ဆန္ဒထုတ်ဖော်မှုဖြစ်စဉ်သည်လည်း ကမ်းနားလမ်းညဈေး ခြစားမှုများ ပြန်လည်စိစစ်ပေးပါဆိုသည့်အချက်သည် အဓိကကျနေရာ ဈေးသည်များ တရားဝင်တိုင်ကြားနိုင်သည်အထိ လမ်းညွှန်မှုရှိခဲ့ပါလျှင် စိန်ခေါ်မှုဟုတင်စားပြောနိုင်သည့်အဖြစ်မှ လျော့ကျသွားနိုင်သည်။ ဈေးရောင်းချသူများအနေဖြင့်လည်း ပြန်လည်ဈေးရောင်းချခွင့်ပြုပါ။ စည်းကမ်းရှိ စွာ ရောင်းခွင့်ပြုပါဆိုသည့် အချက်များအပေါ် တာဝန်ယူ၊ တာဝန်ခံသည့် အားနည်းချက်များကြောင့် ယခုကဲ့သို့ တွေ့ကြုံရခြင်းဖြစ်သည်။ ဈေးရောင်းချသူများသာမက မြို့တွင်းနေထိုင်သူများ၊ သွားလာသူများဘက်မှလည်း ပြန်လည်ထည့်သွင်းစဉ်းစားမှုများရှိရန်လည်း လိုအပ်နေဆဲဖြစ်သည်။

အများပြည်သူသွားရာလမ်းများပေါ် ပြည်သူများအကြား ဝေဖန်ပြောကြားမှုများ ဖြစ်စေသည့် ဆန္ဒထုတ်ဖော်မှုများအစား သက်ဆိုင်ရာသို့ တရားဝင်တိုင်ကြားဖြေရှင်းခြင်းကို ပြောင်းလဲလုပ်ဆောင်သင့်သည်ဟု လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြင့်သောင်းက ပြောသည်။ **(မောင်စေအောင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်(ရွှေဈေး) ၈၅၅၀၀၀ - ၈၅၅၀၀၀ မန္တလေး(ရွှေဈေး) ၈၅၅၀၀၀ - ၈၅၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၄၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၈၀/၆၉၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀/၆၅၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၆၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၁၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၃၂၀. ၀ | (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၅၈၁ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၀. ၈ | (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၁၅၅. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၁. ၈၆ | (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၃. ၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၇. ၀၂၇ | (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၈၃. ၈၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၈. ၄၄ | (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၂၆. ၇၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂။)
၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) (၁) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး** ဆိုသည်မှာ လွှတ်တော်အသီးသီးက ရွေးချယ်တာဝန်ပေးအပ်သော လွှတ်တော်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများကို ဆိုသည်။

(၂) **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး** ဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံရသူကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) **ဝန်ထမ်း** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝနှင့် တာဝန်တို့အရ ဤဥပဒေပါကိစ္စရပ်များနှင့် အကျုံးဝင်ခြင်းမရှိစေရ။"

(ဂ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးဌာန အသီးသီးနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးနှင့် ဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ရုံးများလည်းပါဝင်သည်။"

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးရှိဝန်ထမ်းအမျိုးအစား အလိုက် သတ်မှတ်သည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးအတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေး သော ဝန်ထမ်းများကို ခန့်ထားရမည်။"

၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဌ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဌ) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း။"

၆။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၅ တွင်ပါရှိသော "ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကို တောင်းခံပိုင်ခွင့်ရှိသည်။"

၈။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၂။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီ တောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူ အကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့် ခွင့်ကာလကို အငြိမ်းစားယူရမည့်နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်။"

၉။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၄ ၏ နောက်တွင် ပုဒ်မ ၂၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၄-က။ ဝန်ထမ်းသည် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ် မူတည်၍ သက်ဆိုင်ရာအရည်အချင်း စစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်မြောက်စားသည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့်ရှိသည်။"

၁၀။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၆ တို့တွင်ပါရှိသော "ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၁၁။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၁။ ခိုင်လုံသော အထောက်အထားများအရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့်ကိစ္စတွင် ဝန်ထမ်းအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာ စစ်ဆေးမှုနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာ တင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။"

၁၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာ စစ်ဆေးမှုနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၊ ဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးထံ အယူခံလွှာ တင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။"

၁၄။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၈ တွင်ပါရှိသော "အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ" ဆိုသည့်စကားရပ်ကို "လုပ်သက်နှစ် ၃၀ ပြည့်သောအခါ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၂။ ဝန်ထမ်းက ပုဒ်မ ၅၈ အရ နှစ်ပြည့်ပင်စင်ခံစားခွင့် တောင်းခံသည့်အခါ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ။"

၁၆။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆၄ တွင်ပါရှိသော "လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန် အနိစ္စရောက်ခြင်းတစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်" ဆိုသည့် စကားရပ်ကို "လျော်ကြေးပင်စင်ခံစားခြင်း၊ လျှော့ပေါ့ပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော "သက်ဆိုင်ရာ ဝန်ကြီးဌာနက" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းက" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်ရှိ သိမ်းဆည်းခံ လယ်ယာမြေများနှင့် ပတ်သက်၍ သိမ်းဆည်းခံခဲ့ရသည့်တောင်သူများက နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြလာသည့် တင်ပြချက်များနှင့် ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၂) ဦးမင်းသူ ဦးဆောင်၍ တာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းများ ပြုလုပ်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းတွင် (၅၈)ကြိမ်မြောက်အဖြစ် ဇမ္ဗူသီရိမြို့ ကံ့ကော်အိမ်ရာရှိ ဧည့်ရိပ်သာခန်းမတွင် တောင်သူ ၂၀ ပါ ရှစ်ဖွဲ့တို့အား တွေ့ဆုံရှင်းလင်းခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင်လည်း (၅၉)ကြိမ်မြောက်အဖြစ် ဒက္ခိဏသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း တွေ့ဆုံညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့သည်။

ယနေ့ တွေ့ဆုံပွဲတွင် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်ဧရိယာအတွင်း လျော်ကြေးရရှိခြင်းမရှိသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြလာသည့် တောင်သူ ၁၂ ဦးပါ အဖွဲ့ရှစ်ဖွဲ့တို့အား ကော်မတီဝင်(၂)ဦးမင်းသူက ရှင်းလင်းဆွေးနွေးရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခင်ကာလများတွင်လည်း သံတမန်ဇုန်ဧရိယာမှ ဧက ၁၅၅၀ ရှိသည့်အနက် ရန်အောင်မြင်သစ်တောတွင်း လယ်ယာမြေ ၁၄၇၄ ဒသမ ၉၀ ဧကအတွက် လျော်ကြေးငွေများကို တောင်သူ ၃၀၅ ဦးတို့အား ၂၀၁၁ ခုနှစ်ကပင် မြို့နယ်/ကျေးရွာအုပ်စု လျော်ကြေးတွက်ချက်ရေးအဖွဲ့တို့နှင့် တာဝန်ရှိသူတို့က စိစစ်၍ ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ၇၅ ဒသမ ၁၀ ဧကအတွက် ထောက်ပံ့ပေးရန် ကျန်ရှိနေရာတင်ပြတောင်းခံသူ ၂၂၄ ဦးက ဧက ၁၀၇၃ ဒသမ ၂၅ ခန့် တောင်းခံနေသည့်အတွက်လည်းကောင်း၊ မူလရန်အောင်မြင်သစ်တောအတွင်းဖြစ်သဖြင့် စိုက်ပျိုးမြေအဖြစ် ဦးပိုင်နံပါတ် သတ်မှတ်လုပ်ကိုင်ခဲ့ခြင်းမရှိသည့်အတွက်လည်းကောင်း၊ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ခဲ့သူများအားစိစစ်ရန် ကော်မတီတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်ခြင်းမဖြစ်တော့၍ လျော်ကြေးရရှိရေးတင်ပြသည့် မြေယာကိစ္စများနှင့်



ပတ်သက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များဖြင့် ညှိနှိုင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဇော်မင်းအောင် (၁၀၇)**

# ယူရိုပါလိဂ် ဗိုလ်စွဲရန်ရေပန်းစားမှု နံပါတ် (၁) နေရာကို မန်ယူအသင်းရယူ

ယူရိုပါလိဂ် ၃၂ သင်းအဆင့် မဲခွဲဆုံးဖြတ်မှုကို လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ရာ လက်ရှိချန်ပီယံဖြစ်သည့် ဆီဗီလာအသင်း မပါဝင်နိုင်မှုနှင့်အတူ မန်ယူအသင်းက ၁၁/၂ ဖြင့် ဗိုလ်စွဲရန် ရေပန်းစားမှု နံပါတ် (၁)နေရာကို ရယူထားနိုင်ကြောင်း သိရသည်။ ချန်ပီယံလိဂ် တတိယနေရာရရှိသည့် အသင်းရှစ်သင်းအပါအဝင် စုစုပေါင်း ၃၂ သင်း မဲခွဲဆုံးဖြတ်မှုမပြုမီ ဗိုလ်စွဲရန် ရေပန်းစားမှု ထိပ်ဆုံးနေရာ ရောက်ရှိနေသည့် အသင်းများကို တယ်လီဂရပ်သတင်းဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းပြီးနောက် စပါးက ၈/၁၊ ရိုးမား ၁၀/၁တို့ဖြင့် ဒုတိယနှင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်နေသည်ကို တွေ့ရသည်။ မန်ယူအသင်းသည် ဇော်ယာအသင်းကို အဝေးကွင်းတွင် မီခီတာယန်နှင့် အီဗရာဟီမိုဗစ်ချ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ယူကာ ယူရိုပါလိဂ် ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူသည် အစောပိုင်းက ယူရိုပါလိဂ် အဝေးကွင်းနိုင်ပွဲ တစ်ပွဲမျှ ရယူနိုင်ခြင်းမရှိသော်လည်း ဇော်ယာအသင်းကို အဝေးကွင်းတွင် အနိုင်ကစား၍ ယခုနှစ် ယူရိုပါလိဂ် အဝေးကွင်းနိုင်ပွဲကို ပထမဆုံး ရယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် အုပ်စု ဒုတိယနေရာဖြင့်သာ ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သော်လည်း ဗိုလ်စွဲရန် ရေပန်းစားမှုအဆင့်တွင် အခြားအသင်းများကို ဖြတ်ကျော်ကာ ထိပ်ဆုံးနေရာတွင် ရပ်တည်နေသည်ကို တွေ့ရသည်။

ယူရိုပါလိဂ် သုံးနှစ်ဆက်တိုက် ချန်ပီယံ ဆီဗီလာအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခြင်းကြောင့် အခြားအင်အားကြီးအသင်းဆို၍ မန်ယူ၊ ရိုးမားတို့လောက်သာ ရှိတော့ရာ မန်ယူအသင်း ဗိုလ်စွဲရန် ရေပန်းစားမှုအဆင့် ထိပ်ဆုံးတွင် ရပ်တည်နေခြင်းဖြစ်သည်။




ယူရိုပါလိဂ် ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်သည့် အသင်းများမှာ အေဂျက်စ်၊ အန်ဒါးလက်ချ်၊ အေပိုရယ်၊ ဘီဘာအို၊ အယ်လ်ခမာ၊ ဘီဆီတပ်စ်၊ မိုချန်ဂလာဘတ်၊ ကိုပင်ဟေဂင်၊ ဖီနာဘာချီ၊ ဖီအိုရင်တီးနား၊ ဂျန့်၊ ခရက်စ်နိုဒါ၊ လီဂီယာဝါဆော၊ လူဒိုဂိုးရက်စ်၊ လိုင်ယွန်၊ မန်ယူ၊ အိုလံပီယာကော့စ်၊ အော်စမန်လီစပေါ၊ ရိုးမား၊ ရော့စ်တော့ဗ်၊ ရှော်လ်ကေး၊ ရှက်တာဒိုးနက်ခ်၊ စပါတာပရပ်ဂ်၊ စိန့်အက်တီယန်၊ စပါး၊ ဇင်းနစ်တို့ဖြစ်ကြသည်။

**မေလှသင်း-ရေးသားသည်။**

## အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးကို ရောင်းချမည်မဟုတ်ဟု ဝင်းဂါးပြောပြီ

အာဆင်နယ်အသင်းသည် အိုဇေးနှင့် ဆန်းချက်ဇ်တို့နှစ်ဦးကို စာချုပ်သစ် ချုပ်ဆိုနိုင်ခြင်းမရှိလျှင်ပင် ၎င်းတို့နှစ်ဦးကို စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ ကလပ်အသင်းနှင့် ဆက်လက် ပူးပေါင်းစေမည်ဟု နည်းပြ ဝင်းဂါးက ပြောကြားခဲ့သည်။ အာဆင်နယ်သည် သူတို့နှစ်ဦးကို လွန်ခဲ့သည့် ရှစ်လကတည်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သော်လည်း ယခုထိ သဘောတူညီချက်မရသေးဘဲ လက်ရှိစာချုပ်သည် နောက် ၁၈ လအကြာတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်မည်။

ထို့ကြောင့် အာဆင်နယ်အနေဖြင့် သူတို့နှစ်ဦးဆီက ပြောင်းရွှေ့ကြေး ခံစားခွင့်ရရှိရန် နောင်နှစ်ဘောလုံးရာသီတွင် ထွက်ခွာခွင့်ပေးသင့်သည်ဟု အကြံပြုချက်များလည်း ရှိနေသည်။ သို့သော် ဝင်းဂါးက သူတို့နှစ်ဦးလုံး အာဆင်နယ်တွင် ကာလကြာရှည် ဆက်လက်ရှိနေမည်ဟု မျှော်လင့်ထားသလို စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ခြင်းမရှိလျှင်ပင် ကလပ်အသင်းဘက်မှ ရောင်းချသွားမည် မဟုတ်ကြောင်း တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦး အာဆင်နယ်၏ ကမ်းလှမ်းမှုကို အဘယ်ကြောင့် ငြင်းပယ်နေသည်ကို မီဒီယာများက အမျိုးမျိုး အဖြေထုတ်နေသော်လည်း တကယ်တမ်းတွင် တိကျသည့် အဖြေတစ်ရပ် ယခုထိ မရှာဖွေနိုင်ကြသေးပေ။



## ယခုနှစ် ဘလွန်းဒီအောဆုကို မက်ဆီသာ ရသင့်ဟု နေမာရှုမြင်

ယခုနှစ် ဘလွန်းဒီအောဆုကို စီရိုနယ်လ်ဒိုသာရရှိမည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း ဘာစီလိုနာတိုက်စစ်မှူး နေမာကမူ အသင်းဖော် မက်ဆီသာ ဘလွန်းဒီအောဆုနှင့် ပိုမိုထိုက်တန်သည့် ကစားသမားဖြစ်ကြောင်း ဆိုသည်။ နေမာက စီရိုနယ်လ်ဒိုမှာ သွင်းဂိုးအရေအတွက် များပြားသော်လည်း ဂိုးဖန်တီးမှုနှင့် အသင်းကစားပုံဟန်ချက်ညီရေးကို ထိန်းညှိရာတွင် မက်ဆီ ပိုမိုကောင်းမွန်သည်ဟု ထင်မြင်ကြောင်း မှတ်ချက်ပြုသည်။

မက်ဆီသည် ဘလွန်းဒီအောဆု ငါးကြိမ်ရရှိထားသည့် ကစားသမားဖြစ်ပြီး ယခုနှစ်တွင် ဆက်လက်ရရှိလျှင် သူ့အတွက် ခြောက်ကြိမ်မြောက် ဆွတ်ခူးခြင်းလည်း ဖြစ်လာမည်။ နေမာက "ဒီဆုကို ဘယ်သူရမလဲဆိုတာ ကျွန်တော်မသိပါဘူး။ စီရိုနယ်လ်ဒိုက ကြီးကျယ်ခမ်းနားတဲ့ ကစားသမားဖြစ်တာကြောင့် သူ့ကိုလည်း လေးစားမှုအပြည့်ရှိပါတယ်။ ကျွန်တော် တစ်ဦးတည်းရဲ့ အမြင်အရဆိုရင်တော့ မက်ဆီကသာ အကောင်းဆုံး ကစားသမားပါ" ပြောကြားခဲ့သည်။

## ပရီမီယာလိဂ်သို့ ပြန်လည်လာရောက်ကစားဦးမည်ဟု ဘာလော့တယ်လီဆို

ဘာလော့တယ်လီက ၎င်းအနေဖြင့် တစ်ချိန်ချိန်တွင် ပရီမီယာလိဂ်သို့ ပြန်လည်လာရောက်ကစားမည်ဖြစ်သော်လည်း အဆိုပါအသင်းသည် လီဗာပူးအသင်းတော့မဟုတ်သည်မှာ သေချာကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။ ဘာလော့တယ်လီသည် လက်ရှိတွင် ပြင်သစ်ပထမတန်းကလပ် နိုက်စ်အသင်းတွင် ခြေစွမ်းပြနေပြီး ပရီမီယာလိဂ်သို့ ပြန်လည်ခြေချရန် ဆန္ဒရှိသလားဟူသော မေးခွန်းကို ဖြေကြားခဲ့ရာတွင်" ကျွန်တော့်အမြင်အရဆိုရင်တော့ ပရီမီယာလိဂ်ရဲ့ လက်ရှိအကောင်းဆုံးအသင်းက မန်စီးတီးအသင်းပါ။ ဒုတိယကတော့ အာဆင်နယ်ပါ။ အာဆင်နယ်က ကျွန်တော်နှစ်သက်တဲ့ အသင်းပါ။ ဒါပေမယ့် ဒါက ကျွန်တော် အဲဒီအသင်းတွေနဲ့ ပူးပေါင်းမယ်လို့တော့ မဆိုလိုပါဘူး"ဟု ပြောကြားခဲ့သည်။ ဘာလော့တယ်လီက လီဗာပူးသည် ကြီးကျယ်ခမ်းနားသည့် အသင်းဖြစ်ပြီး အသင်းကိုအားပေးသည့် ပရိသတ်များမှာ အံ့သြဖွယ်ကောင်းကြောင်း၊ သို့သော် လီဗာပူးတွင် ကစားခဲ့ရစဉ် သူ၏ခြေစွမ်းလုံးဝပျောက်ဆုံးခဲ့သည့်အတွက် အသင်းဟောင်းနှင့် ပြန်ပူးပေါင်းတော့မည်မဟုတ်ကြောင်းလည်း တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ "ဒေါ့မွန်နှင့်ပွဲရလဒ်အတွက် ဇီဒန်းဒေါသထွက်"ဟူသော ခေါင်းစဉ် ကော်လံ ၃ တွင် ဘာစီလိုနာ၊ အက်သလက်တီကို အသင်းများကို ချန်လှပ်၍ ရီးယဲလ်မှာ ဂျူဗင်တပ်၊ အာဆင်နယ်၊ မိုနာကို၊ နာပိုလီအသင်းများနှင့် တွေ့ဆုံနိုင်သည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ချယ်လ်ဆီးအသင်း နည်းစနစ်ကို အခြားအသင်းများ ကူးချရန် ပြင်ဆင်နေပြီဟု ပက်ဒရို ပြောကြား

ချယ်လ်ဆီးတောင်ပံတိုက်စစ်မှူး ပက်ဒရိုက ချယ်လ်ဆီးအသင်းလက်ရှိ ကျင့်သုံးနေသည့် ၃-၄-၃ ကစားကွက်မှာ ကောင်းလွန်းနေသဖြင့် အခြားအသင်းများ မိမိတို့အသင်း နည်းစနစ်ကို ကူးယူရန် စတင်ပြင်ဆင်နေပြီဟု စွပ်စွဲပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ရာသီအစ ရလဒ်များ သိသိသာသာ ကောင်းမွန်ခြင်းမရှိသည့်အတွက် နည်းပြကွန်တီက ချယ်လ်ဆီး၏ နည်းစနစ်ပိုင်းကို အပြောင်းအလဲလုပ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ၃-၄-၃ကစားကွက်ကို ခင်းကျင်းခဲ့ရာ ရလဒ်များ တောက်လျှောက်ကောင်းမွန်နေခဲ့သည်။

အကျိုးဆက်အနေဖြင့် ချယ်လ်ဆီးအသင်းသည် မန်ယူ၊ စပါး၊ မန်စီးတီးအသင်းတို့ကဲ့သို့ ခက်ခဲသည့် ပြိုင်ဘက်များကို ရင်ဆိုင်ခဲ့ရသော်လည်း ရှစ်ပွဲဆက်တိုက် အနိုင်ရလဒ်ဖြင့် ပရီမီယာလိဂ်ဇယားထိပ်ကို ဦးဆောင်နိုင်ခဲ့ရာ ပက်ဒရိုက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ပက်ဒရိုက "ကျွန်တော်တို့ တစ်နေ့ထက် တစ်နေ့ ဒီနည်းစနစ်ကို ပိုပိုပြီး သဘောပေါက်လာကြပါတယ်။ အခြားအသင်းတွေကတော့ ဒီစနစ်ကို သဘောကျနေပြီဖြစ်တာကြောင့် ဒီပုံစံကို ကျင့်သုံးဖို့ ပြင်ဆင်နေပြီလို့ ထင်ပါတယ်"ဟု ချယ်လ်ဆီးအသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် သူ၏ အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

## ချာပီကိုအန်စီအသင်းကို ချစ်ကြည်ရေး ခြေစမ်းပွဲကစားရန် ဘာစီလိုနာ ဖိတ်ခေါ်

ဘာစီလိုနာအသင်းသည် ဘရာဇီးကလပ် ချာပီကိုအန်စီအသင်းကို လာမည့်နွေရာသီတွင် ချစ်ကြည်ရေးခြေစမ်းပွဲ လာရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲသည် ဘာစီလိုနာအသင်းက ကမကထပြု၍ အခြားအသင်းများကို ဖိတ်ခေါ်ကာ ဂျိုအန်ကန်ပါဖလား အမည်နှင့် ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။


နိုဝင်ဘာ ၂၈ ရက် ချာပီကိုအန်စီအသင်းသား ၁၉ ဦး အပါအဝင် ဝန်ထမ်းများ၊ ဂျာနယ်လစ်များ စုစုပေါင်း ၇၁ ဦးတို့သည် ကိုပါစူဒါမာရီကားနား ဖလားဗိုလ်လုပွဲ ပထမအကျော့ ယှဉ်ပြိုင်ရန် ကိုလံဘီယာနိုင်ငံသို့ ထွက်ခွာလာစဉ် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်း ထုတ်ပြန်ချက်တွင် ချာပီကိုအန်စီအသင်းသားများအားလုံးကို ဂုဏ်ပြုကြောင်းနှင့် ကလပ်အသင်း အမြန်ဆုံးပြန်လည်ထူထောင်နိုင်စေပါကြောင်း ဖော်ပြပါရှိသည်။

ချာပီကို အန်စီအသင်းအား ငွေရေးကြေးရေး အကူအညီများပေးအပ်လိုသည့် အသင်းနှင့် ကစားသမား အများအပြားရှိနေသလို ငွေကြေးမရယူဘဲ အခမဲ့ လာရောက်ကစားပေးမည်ဟု ကမ်းလှမ်းထားသည့် ကစားသမားများထဲတွင် ရိုနယ်လ်ဒင်ဟိုနှင့် ရီကွယ်မီးတို့ကဲ့သို့သော ကစားသမားများလည်း ပါဝင်နေသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကပင် ချာပီကို အန်စီအသင်းကို ကိုပါစူဒါမာရီကားနားဖလားကို အပ်နှင်းခဲ့ပြီးဖြစ်သည်။



ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆုဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## တောရိုင်းဥပဒေနဲ့ ခေတ်မီမြို့ပြ

ဆုနိုင်

**ကျဲပြန့်လွင့်စင်**

အဖေနဲ့ပတ်သက်လို့ကတော့ အဖေ့ အဖေနာမည် ဘယ်သူ၊ အဖေ့အမေနာမည် ဘယ်သူ၊ ဘယ်မြို့က ဆိုတာလောက်ပဲ သိရပေမယ့် အတူနေခွင့်ရတာ ပိုများတဲ့ အမေနဲ့ ပတ်သက်လို့ နောက်ကြောင်းကိုတော့ ကျွန်တော့် ဘေး (အမေ့အဘိုး) အဆင့်အထိ သိခွင့်ရပါတယ်။ အမေ့ရဲ့ အဖေဘက်က အဘိုးက မန္တလေးနယ်၊ ကပိုင်ရွာဘက်ဆီက မြန်မာစစ်စစ်ကြီး ဖြစ်ပေမယ့် အမေ့ရဲ့ အမေဘက်က အဘိုးကကျတော့ တရုတ်စစ်စစ်ကြီးပါတဲ့။ အဲဒီ့ တရုတ်စစ်စစ်ကြီးက ဗန်းမော်သူ အမေ့အဘွားနဲ့ညားရာက အမေ့အမေကို ဖွားမြင်ခဲ့တာပါပဲ။ အဲတော့ အမေ့အမေ ကျွန်တော့်အဘွားမှာ တရုတ်သွေးက ငါးမူးဖိုးပါနေတာပေါ့။ သို့သော် ဗန်းမော်ကနေ ငယ်ငယ်ကတည်းက မန္တလေးကို ပြောင်းရွှေ့အခြေချလာတဲ့အခါ တရုတ်ထုံးစံတွေလည်း လိုက်နာကျင့်သုံးမှု မရှိတော့ဘဲ ပကတိ ဗမာစစ်စစ်ကြီးများလိုသာ နေသွားခဲ့ပါတယ်။ အဘွားက ကျွန်တော် ရှစ်တန်းကျတော့မှ တိမ်းပါးသွားခဲ့တာမို့ ကျွန်တော်မြင်ဖူးလိုက်ပါတယ်။ အသားဖြူဆွတ်လွန်းပြီး တရုတ်သွေးပါမှန်း သိသာတဲ့ မျက်နှာပေါက်ကို မှတ်မိနေပါတယ်။

ဘာမဆိုင် ညာမဆိုင် ပြောရရင် ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လပ်(ခ်)နဲ့ သူ့အစ်ကို ဝန်ကြီးချုပ်ဟောင်း သာ့(ခ်)ဆင်တို့ရဲ့ ဘေးတော်ကြီးကလည်း ထိုင်းကို ၁၈၆၀ ပြည့်လွန်နှစ်တွေမှာ လာရောက်အခြေချတဲ့ ဂွမ်ဒေါင်းပြည်နယ်သား တရုတ်ကြီးပဲတဲ့ခင်ဗျ။ အဲဒီ့ဘေးတော်ကြီးရဲ့ သားအကြီးဆုံးက ထိုင်းအမျိုးသမီး တစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သူက မွေးတဲ့ သားအကြီးက တရုတ်နာမည်ကို စွန့်လိုက်ပြီး ရှင်နာ ဝါထရာဆိုတဲ့ ထိုင်းနာမည်ကို ခံယူခဲ့တယ်လို့ သိရပါတယ်။ သာ့(ခ်)ဆင်(န်)တို့၊ ယင်လပ်(ခ်)တို့ရဲ့ အဖေကလည်း အဲဒီတရုတ်နဲ့ ထိုင်းတို့ အိမ်ထောင်ကျရာက ပေါက်ဖွားလာခဲ့တာပါပဲ။

သူတို့ကကျတော့ ကျွန်တော့်လို အမေဘက်က မဟုတ်ဘဲ အဖေ့ဘက်က အစဉ်အဆက် ဆင်းသက်ခဲ့လို့လားတော့ မသိဘူး။ သူတို့ရဲ့ မျက်နှာပေါက်နဲ့ အသားအရေမှာ တရုတ်သွေးပါမှန်း ကောင်းကောင်းကြီး သိသာနေပါတယ်။ ကျွန်တော်ကကျတော့ ဗမာရုပ် ပိုထွက်နေသပေါ့ဗျာ။

ပြောချင်တာက လူအမျိုးမျိုး အရပ်ရပ်ကို ကျဲပြန့်လွင့်စင်နေပုံကိုပါ။ ကျွန်တော်တို့ အရှေ့တောင်အာရှဒေသမှာ အကျဲပြန့်ဆုံးလူမျိုးကတော့ တရုတ်လူမျိုးတွေ ဖြစ်ပါတယ်။ ၁၉ ရာစုမှာ တရုတ်ပြည်ကြီးရဲ့ လူဦးရေ ပေါက်ကွဲမှုနဲ့တကွ အဲဒီ့အကျိုးဆက်အဖြစ် စားရေးနေရေး ခက်ခဲကျပ်တည်းလာမှုများက တရုတ်နိုင်ငံသားတွေကို ရေကြည်ရာ မြက်နုရာ ရှာဖြစ်အောင် တွန်းအားပေးခဲ့ပါတယ်။

ဒါကြောင့် တရုတ်တွေဟာ အာရှတစ်ခွင်လုံးကို လွင့်စင်ကုန်ပါတော့တယ်။ အင်ဒိုနီးရှားလို နိုင်ငံက အိမ်ခြေဆယ်ဂဏန်းမျှသာ ရှိတဲ့ ကျွန်းငယ်လေးများဆီအထိကို လွင့်စင်ကုန်ကြတာပါ။

**ရေကြည်ရာ မြက်နုရာ**

ရာစုတစ်ခုအတွင်းမှာ သူတို့တွေဟာ အလုပ်ကို ကြိုးကြိုးစားစား လုပ်ကြတယ်။ လှူအောက်ကျို့ပြီး သူတို့မက်မောတန်ဖိုးထားတဲ့ ငွေကိုသာ ကျားကုပ်ကျားခဲ ရှာဖွေခဲ့ကြပါတယ်။ သည်လိုနဲ့ နှစ်ဆယ်ရာစု အနှောင်းပိုင်းမှာတော့ သူတို့က ပေါက်ဖွားလာသူများဟာ ရောက်ရှိနေရာ နိုင်ငံအသီးသီးရဲ့ စီးပွားရေးမှာ အဓိကချုပ်ကိုင်ထားသူများ ဖြစ်လာပါတော့တယ်။ မလေးရှားရဲ့ စီးပွားရေးကိုပဲ ကြည့်ကြည့်၊ အင်ဒိုနီးရှားနဲ့ ထိုင်းကိုပဲကြည့်ကြည့် ဒေသခံမလေးတွေ၊ အင်ဒိုနီးရှန်းတွေ၊ ထိုင်းတွေက ကျောမွဲနေရာမှာသာ ရှိနေပြီး သူတို့ဆီကို လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်၊ နှစ်ရာအတွင်းက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ရောက်လာသူများက အသက အသက ပေါက်ဖွားလာသူများကသာ ကြွယ်ဝချမ်းသာနေကြ၊ စီးပွားရေးနယ်ပယ်ကို ခြယ်လှယ်နေကြတာ အထင်အရှားမြင်တွေ့ရနိုင်ပါတယ်။

နောက်ထပ် လွင့်စင်ပုံ တစ်မျိုးကတော့ ကနေ့အမေရိကန်နိုင်ငံလို့ခေါ်ဆိုနေတဲ့ အမေရိကန်ပြည်ထောင်စုပါပဲ။ အဲဒီ့ကိုလည်း ရေကြည်ရာ၊ မြက်နုရာလို့ယူဆပြီး ပြောင်းရွှေ့လာကြတဲ့ နိုင်ငံပေါင်းစုံက ဥရောပတိုက်သားများက ရွှေ့ပြောင်းအခြေချနေထိုင်လာကြရင်း အမေရိကန်နိုင်ငံကြီး ဖြစ်ပေါ်လာတာပါပဲ။ နေရင်းဇာတိခံ လူနီတွေကိုတောင် ကျော်လွှားပြီး အဲဒီ့ ဥရောပတိုက်သားများက ဦးဆောင်အုပ်ချုပ်တဲ့ ပြည်ထောင်စုတစ်ခု ဖြစ်လာခဲ့တာပါ။

အမေရိကန်နိုင်ငံမှာ စိတ်ဝင်စားစရာကောင်းတာတစ်ခုက အဲဒီလူဖြူဥရောပသားတွေက ကျွန်တွေအဖြစ် ခေါ်ဆောင်လာခဲ့ကြတဲ့ အာဖရိကနွယ်ဖွားလူမည်းများရဲ့ အခန်းကဏ္ဍပါပဲ။ ကျွန်တွေဘဝကနေ အခုအခါမှာ နိုင်ငံတော်သမ္မတရာထူးအထိ တက်လှမ်းနိုင်ခဲ့တဲ့ လူမည်းတွေရဲ့ စွမ်းပကားက အမေရိကန်သမိုင်းစာမျက်နှာပေါ်မှာ အင်မတန် ထင်ရှားရှွန်းလက်လို့ နေပါတယ်။

အမေရိကန်နဲ့ဆင်တဲ့ အာရှ-ပစိဖိတ်ဒေသထဲက နိုင်ငံကတော့ ဩစတြေးလျဖြစ်ပါတယ်။ ပညာရှင်များရဲ့ အလိုအရ ဥရောပတိုက်သားအခြေချသူတွေ ရောက်မလာခင် နှစ်ပေါင်း ခြောက်သောင်းလောက် စောပြီးတော့ အာရှတိုက်က စူးစမ်းရှာဖွေသူတွေဟာ ဩစတြေးလျတိုက်ကို ရောက်ရှိအခြေချနေထိုင်ခဲ့ပါတယ်။ ဥရောပတိုက်သားတွေ ရောက်လာချိန်မှာ သူတို့က ဒေသခံ ကျွန်းသူကျွန်းသား (aborigines)တွေအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

နောက်ထင်ရှားတဲ့ နိုင်ငံတစ်နိုင်ငံက တောင်အာဖရိကပါ။ အဲဒီကိုကျတော့ ဒတ်(ချ်)နယ်ချဲ့တွေ၊ နောက်ပိုင်းမှာ ဗြိတိသျှနယ်ချဲ့တွေရောက်ရှိ နယ်ချဲ့လာရင်းကနေ နောက်ဆုံးမှာ သူတို့ကိုယ်သူတို့ အာဖရိခန္နားဆိုတဲ့ အာဖရိကက လူဖြူလူမျိုးတစ်မျိုးအဖြစ်တောင် တီထွင်ဖန်တီးခဲ့ကြတဲ့အပြင် ကိုယ်ပိုင် ဘာသာစကားအသစ်တစ်ခုတောင် ပေါ်ပေါက်လာခဲ့ပါတယ်။ သည်မှာလည်းပဲ လူမည်းတွေက ၂၁ ရာစု စခါစ ကာလမှာ အသားအရောင်ခွဲခြားမှုကို တိုက်ဖျက်ပြီး နေရာပြန်ယူနိုင်ခဲ့ကြတာက စိတ်ဝင်စားစရာ ကောင်းပါတယ်။

**အာရှမှာ**

စင်ကာပူနိုင်ငံဆိုတာလည်း တကယ်တော့ မလေးကျွန်းဆွယ်ရဲ့ တောင်ပိုင်းအစွန်အဖျားလေးမျှသာ ဖြစ်ပါတယ်။ မူလက မလေးနွယ်တွေရဲ့ မြေပေါ့ခင်ဗျာ။ သို့သော်အထက်မှာ ဆိုခဲ့တဲ့အတိုင်း ဖူးကျန့်နဲ့ ကွမ်းတုံဒေသက တရုတ်တွေ၊ အိန္ဒိယက ရောက်လာသူတွေနဲ့ ဖြည့်တင်းလိုက်တဲ့အတွက် ယနေ့အခါမှာတော့ တရုတ်တွေက စင်ကာပူ လူဦးရေရဲ့ လေးပုံ သုံးပုံကျော်ကို လွှမ်းမိုးထားပါတယ်။ စင်ကာပူသားတစ်ရာမှာ ခုနစ်ဆယ့် ငါးယောက်က တရုတ်မျက်နှာတွေနဲ့ ဖြစ်နေတာ အထင်အရှားပါပဲ။ သူကတော့ တတိယမြောက် တရုတ်နိုင်ငံလို့ တင်စားခေါ်ဝေါ်ယူရတဲ့အထိကို တရုတ်တို့က စီးပွားရေးမှာသာမက နိုင်ငံရေးမှာပါ ချုပ်ကိုင်ထားတာကို တွေ့ရနိုင်ပါတယ်။

ဒုတိယမြောက်ကတော့ ထိုင်ဝမ်ပါ။ ထိုင်ဝမ်ကကျတော့ ရှေးအစဉ်အဆက်ကတည်းက တရုတ်ပိုင်နက် နယ်မြေဖြစ်ခဲ့ပြီး တရုတ်တော်လှန်ရေးမှာ အရေးနိမ့်ခဲ့တဲ့ အမျိုးသားရေးဝါဒီ တရုတ်များ (တရုတ်ဖြူများ)က အဲဒီကျွန်းကလေးကို ရယူလွှမ်းမိုးခဲ့တာ ဖြစ်ပါတယ်။ နေရင်း ကျွန်းသားတွေကို စစ်ရှုံးလို့ ပြေးလာရတဲ့ တရုပ်ဖြူများက လွှမ်းမိုးအုပ်ချုပ်ခဲ့တာလည်း ထင်ရှားပါတယ်။

**တောရိုင်းဥပဒေ**

ဒါတွေကို ပြောနေရတာက လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၊ ယဉ်ကျေးမှုတစ်ခုရဲ့ အခွန့်ရှည်တည်တံ့မှုဟာ သက်ဆိုင်ရာလူမျိုး၊ နိုင်ငံသားများ၊ လူမျိုးစုများအပေါ်မှာသာ မူတည်နေတယ်ဆိုတဲ့အချက်ကို မီးမောင်းထိုး ပြချင်လို့ဖြစ်ပါတယ်။

တကယ်တော့ တောရိုင်း ဥပဒေကသာ နယ်ပယ်တိုင်းအတွက် အဓိကကျလှတယ်လို့ မြင်မိပါတယ်။ အဲဒီ့ ဥပဒေက "အကြံ့ခိုင်ဆုံး (ဝါ) သက်လုံအကောင်းဆုံးသူသာလျှင် ရပ်တည်ရှင်သန် ကျန်ရစ်နိုင်တယ်"ဆိုတာပါပဲ။

သတ္တဝါတွေထဲမှာလည်း မျိုးတုံးပျောက်ကွယ်ခဲ့ရတဲ့ သတ္တဝါတွေဟာ လောကဓံအထုအထောင်းကို ကြံ့ကြံ့မခံနိုင်ခဲ့ကြလို့၊ သက်လုံ မကောင်းကြလို့သာ ဖြစ်ပါတယ်။

သမိုင်းစဉ်နဲ့ ကြည့်မယ်ဆိုရင် ရောမ၊ ခေါမအင်ပါယာကြီးတွေ နေဝင်ခဲ့တာ၊ တရုတ်ရဲ့ နှစ်ပေါင်း နှစ်ထောင်ကျော် ယဉ်ကျေးမှုကြီး ကွယ်ပျောက်ခဲ့ရကာ ဥရောပက ဒုက္ခပင်လယ်ဝေနေခိုက် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်တုန်းက ကမ္ဘာကို ဦးဆောင်နေခဲ့တဲ့ တရုတ်နဲ့ အာရှက နောက်တန်းကို ရောက်သွားခဲ့ရတာ၊ ဥရောပသားတွေကသာ ကမ္ဘာကို လွှမ်းမိုးလာတာများဟာ အဲဒီ့ တောကြီးမျက်မည်းရဲ့ အခြေခံဥပဒေသအတွက် ခိုင်လုံတဲ့ သင်ခန်းစာတွေအဖြစ် မြင်ကြရမှာပါ။

ကမ္ဘာတစ်လွှားမှာ တန်ခိုးထွားနေတဲ့ တရုတ်တွေနဲ့ပဲ ပြန်ကြည့်ရင်တော့ သည်အချက်က ပိုထင်ရှားပါတယ်။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ်၊ သူတို့တွေ နေရာရနေတာဟာ တော်တော် ဆင်ခြင်စရာ ကောင်းလှပါတယ်။ တရုတ်တန်းတွေက အိမ်နီးချင်း အရှေ့တောင် အာရှနိုင်ငံတွေမှာသာမကဘဲ အာဖရိက၊ အရှေ့အာရှ၊ အမေရိကတိုက်က နိုင်ငံတွေ၊ ဩစတြေးလျနဲ့ ဥရောပတိုက်က နိုင်ငံတွေအပါအဝင် တစ်ကမ္ဘာလုံး အနှံ့မှာ ရှိနေတာပါပဲ။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့က ဘီနိုဒို တရုတ်တန်းဆိုရင် တရုတ်တန်းတကာအနက်မှာ အစောဆုံးလို့တောင် အဆိုရှိတယ်။ ၁၅၉၄ ခုနှစ်မှာ စတင်ပေါ်ပေါက်လာတာတဲ့။ နှစ်ပေါင်း ငါးရာကျော်ပြီပေါ့။

**လူမျိုးစရိုက်**

သူတို့တွေဟာ မိခင်နိုင်ငံကို စွန့်ခွာခဲ့ကြပြီး ရေကြည်ရာ မြက်နုရာကို ရွှေ့ပြောင်း အခြေချခဲ့ကြတာ လွန်ခဲ့တဲ့နှစ်ပေါင်း ငါးရာကျော်ကတည်းကပဲ။ ဒါပေမယ့် အရှိန်အဟုန်မြင့်သွားတာက ပီကင်းသဘောတူစာချုပ်ကို ချုပ်ဆိုအပြီး ၁၈၆၀ ပြည့်လွန်နှစ်တွေမှာပါပဲ။ အဲဒီစာချုပ်က နယ်စပ်ကို ဖွင့်ပေးပြီး တရုတ်တွေကို လွတ်လပ်စွာ သွားလာခွင့်ပေးခဲ့ကြတယ်။ သည်မှာတင် ကမ္ဘာတစ်လွှားကို တရုတ်တွေ အုံနဲ့ကျင်းနဲ့လွင့်ထွက်ကုန်တော့တာပါပဲ။

အဲဒီရေကြည်ရာ မြက်နုရာဒေသတွေမှာ သူတို့စီးပွားဖြစ်ကြတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ဘာသာပြန်ထားတဲ့ စာအုပ်တစ်အုပ်ထဲက အင်ဒိုနီးရှားမှာ အနေကြာနေတဲ့ ဒတ်(ချ်)လူမျိုး ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးက တရုတ်တွေနဲ့ ပတ်သက်ပြီး ပြောတဲ့ မှတ်ချက်က စိတ်ဝင်စားစရာ ကောင်းပါတယ်။ "ကျွန်းတိုင်းမှာ တရုတ်တွေက လူနည်းစု၊ သို့သော် ကျွန်းတိုင်းမှာ အလုပ်အလုပ်ဆုံး၊ အလှုပ်ရှားဆုံးနဲ့ အချမ်းသာဆုံးတွေကလည်း သူတို့ပဲ။

"သူတို့တွေနဲ့ ဒေသခံတွေကြားမှာ ခြားနားနေတာက ရိုးရိုးစင်းစင်းလေးပဲ။ အင်ဒိုနီးရှန်းတစ်ယောက် ငါးဖမ်းထွက်တယ်၊ ငါးရပြီဆို ပျော်ပြီး အိမ်ပြန်တယ်။ ငါးရောင်းလို့ ရတဲ့ ပိုက်ဆံကိုသုံးမယ်။ ဇိမ်နဲ့ နှပ်မယ်။ တရုတ်တစ်ယောက်ဆိုရင်တော့ အဲလိုမဟုတ်ဘူး။ ငါးဖမ်းထွက်ရင်း ငါးရရင် သူတွေးတာက ဟာ-သည်ရာသီကတယ်ဟုတ်ပါလား။ ငါးပေါတဲ့ နေရာလည်း ငါတွေ့ပါပေါ့လားပေါ့။ ပြီးတာနဲ့ သူ့လှေထဲမှာ ဖမ်းမိလာသမျှငါးတွေကို အပြတ်ရှင်း၊ ပြီးတာနဲ့ ငါးဖမ်းပြန်ထွက်၊ ငါးတွေ ထပ်ရ။ ဒါပဲ။

ဒါဟာ လူမျိုးအလိုက် ကွာခြားမှုဖြစ်ပြီး ဘယ်လိုမှကို လုပ်လို့ မရဘူး"တဲ့။

**ကိုယ်တွေ့မျက်မြင်**

ဟုတ်လောက်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း မျက်မြင်တွေ့ဖူးပါတယ်။ နာဂစ်မုန်တိုင်းအပြီး တစ်နှစ်ကျော်အကြာမှာ မုန်တိုင်းသင့် ဒေသတွေရဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာ စွမ်းရည်တည်ဆောက်ရေးအတွက် တစ်ရွာမှာ ဆယ်ရက်နှုန်းနဲ့ သွားနေခွင့်ရခဲ့ပါတယ်။

အဲဒီအချိန်မှာ တွေ့ရတာက ထူထူထောင်ထောင်ဖြစ်ရုံမက အဲဒီရွာလေးတွေရဲ့ စီးပွားရေးမှာ တွင်ကျယ်နေသူတွေက တရုတ်သွေးမကင်းတဲ့ မိသားစုတွေ ဖြစ်နေတာပါပဲ။ ကျန်တဲ့သူတွေကတော့ ဗီဒီယိုရုံ၊ အရက်ဆိုင်၊ ဘိလိယက်ခုံတွေကို လုပ်ကျွေးရင်း ကျောမွဲဘဝက တက်မလာကြဘူး။

ရေရှည်မှာ ဘယ်သူက ဘယ်သူ့ကို ဝါးမျိုသွားမှာလဲလို့ အဲဒီ့ကတည်းက ဆင်ခြင်မိခဲ့တယ်။ နာဂစ်က အားလုံးကို လူတန်းစားညှိပစ်လိုက်တယ်။ အားလုံးပြုတ်ပြုတ်ပြုန်းကုန်စေတယ်။ သူလည်းလက်မဲ့၊ ကိုယ်လည်းလက်မဲ့သာ ကျန်ရစ်တယ်။ တစ်နှစ်ကျော် ကြာသွားတယ်။ ကိုယ်ကလက်မဲ့၊ သူက လက်ရှိဖြစ်လာရင် သူက ကံကောင်းလို့လား၊ ကိုယ်က ကံဆိုးလို့လား။ အဲဒီ ကံက ဘာလဲဆိုတာ စဉ်းစားဖို့ သိပ်လိုပါတယ်။

ရွှေ့ပြောင်း အချေချနေကြသူတွေ၊ တစ်ရွာပြောင်းရင်း သူကောင်းဖြစ်နေသူတွေကို တွေ့တိုင်းယူသင့်တဲ့ သင်ခန်းစာတွေက အများကြီးပါ။ မျက်စိရှေ့တင် ဖြစ်နေပျက်နေတာပါ။

**ကျွန်တော်ကတော့ တောရိုင်းဥပဒေကိုပဲ ပြန်သတိရနေမိပါတယ်။**

**ဝန်ခံချက်**

၂၀၁၂ ဩဂုတ်လထုတ် သံလွင်တိုင်း(မ်)ဂျာနယ်၊ အတွဲ(၁)အမှတ်(၄)မှာ ကျွန်တော်ရေးခဲ့ဖူးတာလေးကို ပိုမိုကျယ်ပြန့်တဲ့ ပရိသတ်ဖတ်ရအောင် အနည်းအကျဉ်း ပြန်လည်တည်းဖြတ်ပြီး တင်ပြလိုက်တာ ဖြစ်ပါတယ်။

မြေမျိုလို့ လူမျိုးမပျောက်၊ လူမျိုမှ လူမျိုးပျောက်မယ်ဆိုတဲ့ စကားကို တလောဆီက အကြားရ များခဲ့ဖူးပါတယ်။ ကိုယ့်လူမျိုးကို တခြားလူမျိုးက ဝါးမျိုသွားတတ်ပုံ၊ ဘယ်လိုကြောင့် ဝါးမျိုနိုင်ပုံတွေကို ဉာဏ်မီသလောက် တင်ပြလိုက်တာလည်းပဲ ဖြစ်ပါတယ်။ အဓိကကတော့ တည်တံ့ချင်ရင် သက်လုံကောင်းဖို့၊ တစ်နည်းပြောရင် အပြောတွေလျှော့ပြီး အလုပ်တွေ ဖိလုပ်ဖို့သာ ဖြစ်မယ်ဆိုတာ မရဲတရဲနဲ့ ပြောလိုက်ချင်တာပါပဲ။

အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစုံတရာ ရသွားမယ်လို့ မျှော်လင့်မိပါတယ်ခင်ဗျား။ ။

ရေရှည်မှာ ဘယ်သူက ဘယ်သူ့ကို ဝါးမျိုသွားမှာလဲလို့ အဲဒီကတည်းက ဆင်ခြင်မိခဲ့တယ်။နာဂစ်က အားလုံးကို လူတန်းစားညှိပစ်လိုက်တယ်။ အားလုံးပြုတ်ပြုတ်ပြုန်းကုန်စေတယ်။ သူလည်းလက်မဲ့၊ ကိုယ်လည်းလက်မဲ့သာ ကျန်ရစ်တယ်။ တစ်နှစ်ကျော်ကြာသွားတယ်။ ကိုယ်ကလက်မဲ့၊ သူက လက်ရှိဖြစ်လာရင် သူကကံကောင်းလို့လား၊ ကိုယ်ကကံဆိုးလို့လား။ အဲဒီကံက ဘာလဲဆိုတာ စဉ်းစားဖို့သိပ်လိုပါတယ်။

## ကျောက်ဖြူမြို့နယ်တွင် ကာကွယ်ဆေး ငါးမျိုးစပ်နှင့် ပိုလီယိုကာကွယ်ဆေးထိုးနှံပေး

**ကျောက်ဖြူ ဒီဇင်ဘာ ၉**

ကျောက်ဖြူမြို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ အသက် နှစ်လ၊ လေးလ၊ ခြောက်လအရွယ် ကလေးငယ်များကို ကာကွယ်ဆေးငါးမျိုးစပ်၊ ပိုလီယိုကာကွယ်ဆေးနှင့်အတူ ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး(ပီစီဗီ)အသားဆေးကို ကျောက်ဖြူမြို့ အနောက်အပိုင်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးခန်းမ၌ ဒီဇင်ဘာ ၇ ရက် ညနေ ၃နာရီမှ စတင်ကာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက လာရောက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးသည် ရောဂါကူးစက်ဝင်ရောက်ရန် အန္တရာယ်ပိုရှိနိုင်သော အသက်လနုစဉ် ကာလတွင် ကာကွယ်ပေးမှုဖြစ်ကြောင်း၊ ကာကွယ်ဆေးအမျိုးအစားများစွာကို တစ်ပြိုင်နက်တည်း ထိုးပေးလိုက်နိုင်သောကြောင့် မိဘ၊ အုပ်ထိန်းသူများအနေဖြင့် အခေါက်ခေါက်အခါခါ လာရောက်ရန်မလိုအပ်သောကြောင့် အချိန်ပိုမိုသက်သာခြင်း၊ တစ်ကြိမ်တည်း ကာကွယ်ဆေးသုံးချက်နှင့်အထက် တစ်ပြိုင်နက်တည်း ထိုးပေးခြင်းကြောင့် နာကျင်မည်ဖြစ်သော်လည်း နောက်တစ်ခါလာပြီး နှစ်ခါနာရသည့်အတွေ့အကြုံကိုမခံစားရခြင်း၊ တစ်ကြိမ်တည်းတွင် ကာကွယ်ဆေးအမျိုးများစွာထိုးပေးခြင်းသည် အန္တရာယ်ကင်းရှင်းကြောင်းနှင့် ကလေးများကိုမွေးပြီးပြီးချင်းမှ တစ်နှစ်ခွဲအထိ စုစုပေါင်း ခြောက်ကြိမ်လာရောက်ထိုးနှံရမည်ဖြစ်ကြောင်း၊ ပြင်းထန်အဆုတ်ရောင်ရောဂါပိုးကာကွယ်ဆေး (PCV)သည် ပြင်းထန်အဆုတ်ရောင်ပိုးအမျိုးပေါင်း ၉၀ ကျော်အနက် ပြင်းထန်သော ရောဂါဖြစ်စေနိုင်သော ပိုးများကို ကာကွယ်ပေးကြောင်း၊ ကျန်းမာရေးဌာနမှ လက်ကမ်းစာစောင်များဖြင့် အသိပေးပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပုသိမ်မြို့ ဥမ္မာဒန္တီအငှား အိမ်ရာတိုက်ခန်းများ မဲနှိုက်နေရာချထား

**ပုသိမ် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁၄) ရပ်ကွက် ဥမ္မာဒန္တီအငှားအိမ်ရာတိုက်ခန်းများ မဲနှိုက်နေရာချထားခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ကိုးသိန်းအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဥမ္မာဒန္တီအငှား အိမ်ရာတိုက်ခန်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမင်းထက်က အငှားအိမ်ရာ တိုက်ခန်းများ မဲနှိုက်မှုနှင့် ပတ်သက်၍ စည်းကမ်းများကိုလည်းကောင်း၊ ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းပြောကြားပြီး ငှားရမ်းမည့် တိုက်ခန်းများကို မဲနှိုက်၍ နေရာချထားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အငှားအိမ်ရာ တိုက်ခန်းမှာ ၉၁ ခန်းရှိပြီး လျှောက်ထားသူ စုစုပေါင်း ၅၀၄ ဦးရှိကာ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၂၅၈ ဦးအတွက် ၄၇ ခန်း၊ အငြိမ်းစားဝန်ထမ်း ၇၄ ဦး အတွက် ၁၃ ခန်း၊ ကုမ္ပဏီဝန်ထမ်း ၂၆ ဦးအတွက် ငါးခန်း၊ အခြားဝင်ငွေနည်းပြည်သူ ၁၄၆ ဦး အတွက် ၂၆ ခန်းကို မဲနှိုက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရသည်။

အခန်းငှားရမ်းခ နှုန်းများမှာ ၄၈၄ စတုရန်းပေအခန်းအတွက် ကျပ် ၃၂၅၀၀၊ ၅၂၂ စတုရန်းပေအခန်းအတွက် ကျပ် ၃၅၀၀၀၊ ၆၅၀ စတုရန်းပေအခန်းအတွက် ကျပ် ၄၃၅၀၀ တို့ဖြစ်ပြီး ယခုငှားရမ်းမည့် တိုက်ခန်းများမှာ လေးခန်းတွဲ ငါးထပ်သုံးလုံး၊ ရှစ်ခန်းတွဲ လေးထပ်တစ်လုံးတို့ဖြစ်ကြောင်း သိရသည်။

တိုက်ခန်းမဲပေါက်သူ ၉၁ ဦးအား ဒီဇင်ဘာ ၁၃ ရက်တွင် တိုက်ခန်းနေထိုင်ခွင့် အကြောင်းကြားစာ ထုတ်ပေးမှာဖြစ်ပြီး တိုက်ခန်းမဲပေါက်သူများကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာပြီး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် စာချုပ်ချုပ်ဆိုခြင်း၊ စပေါ်ငွေ တစ်လစာ ကြိုတင်ပေးသွင်းခြင်း ဆောင်ရွက်ရမှာဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တိုက်ခန်း တက်ရောက်နေထိုင်ခွင့် ပြုသွားမှာဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်ဆက်)**



## တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ နယ်ကျော်ဖြတ်သန်းရောင်းဝယ်မှုမရှိစေရေး ကွင်းဆင်း ဆွေးနွေး

**ရေတာရှည် ဒီဇင်ဘာ ၉**

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ခြင်းနှင့် သယ်ဆောင်မှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ကော်မတီများဖွဲ့စည်းထားခဲ့ပြီးဖြစ်ရာ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်နိုင်ရန် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု နတ်စင်ကုန်းကျေးရွာအနီးရှိ နွားပွဲဈေးသို့ ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီခွဲက တာဝန်ရှိသူများ ကွင်းဆင်း၍ ကျွဲ၊ နွားရောင်းချသူများ၊ လာရောက်ဝယ်ယူသူများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး၊ မြို့နယ် တိ/မွေး/ကု ဦးစီးမှူး ဒေါက်တာကြည်လင်၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဦးကျော်လင်းသူ၊ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့ပြီး ဖွဲ့စည်းထားသည့်ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် အရေးယူဆောင်ရွက်နိုင်မှုများကို ကဏ္ဍအလိုက်ရှင်းလင်းခဲ့သည်။

ရေတာရှည်နွားပွဲဈေးသည် ငါးရက်တစ်ပတ်ဈေးဖြစ်ပြီး ဈေးပတ်အလိုက် ကျွဲ၊ နွားကောင်ရေ ၁၀၀ ဝန်းကျင်လာရောက်ရောင်းဝယ်လျက်ရှိကြောင်း နွားပွဲဈေးတာဝန်ခံက ပြောကြားသည်။ အဆိုပါနွားပွဲဈေးမှ ရောင်းဝယ်ကြသည့် ကျွဲ၊ နွားများအား စစ်တောင်းမြစ်တစ်ဘက်ကမ်းသို့ဖြတ်ကူးကာ ကရင်ပြည်နယ်မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ တရားမဝင်တင်ပို့မှုများရှိပြီး ယခုနောက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အလိုက် အရေးယူဆောင်ရွက်မှုများကြောင့် သိသိသာသာ ကျဆင်းသွားပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

နွားပွဲဈေးသို့လာသော တောင်သူတစ်ဦးက "တောင်သူတွေအနေနဲ့ကျတော့ ဈေးမြင့်တဲ့ ကျွဲ၊ နွားတွေကိုမဝယ်နိုင်ကြတော့ဘူး။ တစ်ရာသီ နှစ်ရာသီအတွက်လောက်ပဲ ခိုင်းဖို့ဝယ်ကြတာ ခုလိုတရားမဝင်နယ်မြေဖြတ်ကျော်တာတွေကို ထိထိရောက်ရောက် အရေးယူပေးနိုင်ရင် ကျွဲ၊ နွားဈေးတွေ ခုထက်ပိုကျနိုင်ပါတယ်"ဟု ပြောကြားသည်။ **ကိုလွင်(ဆွာ)**

## ရေလုပ်သားများအတွက် မြစိမ်းရောင်(ငါးကဏ္ဍ) မတည်ရင်းနှီးငွေပေးအပ်

**အိမ်မဲ ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်ငန်းလုပ်ကိုင်နေသည့် ရေလုပ်သားများအား ရင်းနှီးငွေများရရှိစေရေးအတွက် မြစိမ်းရောင် (ငါးကဏ္ဍ) အရင်းမတည်ရင်းနှီးငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကြည်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမင်းပိုင်က ချေးငွေထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ရင်းနှီးငွေပေးအပ်ရာတွင် အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက် ဇရပ်ကွင်းကျေးရွာ၊ ကျုံခရီကျေးရွာနှင့် ရေသိုးညောင်ဝိုင်းကျေးရွာတို့မှ ရေလုပ်သားများအား ပိုက်ဘဝန်း၊ မျှောပိုက်၊ ကျားပိုက် စသည်လုပ်ငန်းများအလိုက် ခွဲခြားပြီး ကျားပိုက်ရေလုပ်သားများအား ငါးသိန်းနှင့် ကျန်လုပ်ငန်း လုပ်ကိုင်သည့် ရေလုပ်သားများအား ကျပ်နှစ်သိန်းနှုန်းကို တစ်ကျပ်အတိုးနှုန်းဖြင့် ချေးပေးမည်ဖြစ်ပြီး ချေးငွေကာလမှာ တစ်နှစ်ဖြစ်ကြောင်းနှင့် ရေလုပ်သား ၁၄၀ အား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကာင်းစံ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကြည်စိုးနှင့်ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုသိန်းနှင့် ကျေးရွာများမှ ရေလုပ်သား ၁၄၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ ဆက်)**



ရထားရဲတပ်ဖွဲ့ အမှတ် (၁၂) တပ်ခွဲ တပ်စု (၂) တိုးကြောင်ကလေးတပ်စုမှူး ဒုရဲအုပ်သန်းအေး ဦးစီးသောတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၇ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြို့ဦးစေတီဘုရားဝင်းအတွင်း သန့်ရှင်းရေးကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ကျော်စိုးမိုး**

## ဗျိုင်းရေအိုးစင်ကွက်သစ် ရပ်ကွက်လုံးကျွတ်သန့်ရှင်းသာယာလှပစေရေး အမှိုက်ထုပ်ကောက်စနစ်ဖြင့် စတင်ဆောင်ရွက်

**တာမွေ ဒီဇင်ဘာ ၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန တောင်ပိုင်းခရိုင်မှူး ဦးရန်ငြိမ်းချမ်း၏စီမံမှုဖြင့် ဒီဇင်ဘာ ၇ ရက် နံနက်က တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်လုံးကျွတ် သန့်ရှင်းလှပစေရေး၊ မိဘပြည်သူများ အမှိုက်စွန့်ပစ်မှု အဆင်ပြေစေရေးအတွက် အမှိုက်ထုပ်ကောက်စနစ်ဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပထမဦးစွာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသံချောင်းတို့အဖွဲ့ဝင်တွေနဲ့ ကြိုတင်ညှိနှိုင်းပြီး ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ကနေ အမှိုက်ထုပ်ကောက်စနစ်ကို ပြောင်းလဲဆောင်ရွက်တာပါ။ နေ့စဉ် မနက် ၈ နာရီကနေ ၈ နာရီခွဲအထိကို မိမိတို့အိမ်ရှေ့မှာ အမှိုက်ထုပ်တွေကို အစို၊ အခြောက်ခွဲခြားပြီး လုံခြုံစွာထားပေးရမှာပါ။ သန့်ရှင်းရေးတာဝန်ရှိသူတွေက မနက် ၈ နာရီခွဲ ကနေ ၉ နာရီအထိအပြီးတိုင် အမှိုက်ထုပ်တွေကို လိုက်လံကောက်ယူ သိမ်းဆည်းပေးသွားမှာပါ" ဟု မြို့နယ်သန့် ရှင်းရေးတာဝန်ခံ ဦးဝင်းကျော်မြင့်က ပြောသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသံချောင်းက "ကျွန်တော်တို့ရပ်ကွက်မှာ ဒီစနစ်ကိုစတင်လုပ်ဆောင်တာ အဆင်ပြေမယ်လို့ထင်ပါတယ်။ ခေါင်းလောင်းတီး အမှိုက်သိမ်းတာက အမှိုက်မပစ်လိုက်ရတဲ့သူတွေ အနေနဲ့ ကြုံတဲ့နေရာတွေမှာ အမှိုက်စွန့်ပစ်တာတွေရှိနိုင်ပါတယ်။ ယခုစနစ်ကတော့ သွားမပစ်ရဘဲ အိမ်ရှေ့မှာ အထုပ်ချထားရုံပဲဆိုတော့ အလွန်ကောင်းမွန်ပါတယ်။ ရပ်ကွက်မှာ အောင်ချမ်းသာလမ်း၊ အောင်မာဃလမ်း၊ အောင်သုခလမ်း၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်လမ်းနဲ့ ဗညားဒလလမ်းတို့ရှိပြီး အိမ်ထောင်စု ၁၀၇၈ စုနဲ့ လူဦးရေ ၄၁၀၀ ကျော်ရှိပါတယ်။ မိဘပြည်သူတွေကလည်း တစ်ဖက်တစ်လမ်းက ကူညီတဲ့အနေနဲ့ စည်းကမ်းစနစ်တကျဖြစ်အောင် ဝိုင်းဝန်း ကူညီဖို့ လိုအပ်ပါတယ်" ဟု မေတ္တာရပ်ခံထားသည်။ **ဒဗ၇**



## မြိုင်မြို့၌ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**မြိုင် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သီဟနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက အမှတ် ၂ ရပ်ကွက် စည်ပင်သာယာရေးဈေးရှေ့နှင့် ဈေးတွင်း၌ ဆောင်ရွက်ကြသည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် ရဲတပ်ဖွဲ့ဒုတိယရဲမှူးဝင်းသန်း၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးနှင့်အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိ ဦးဟန်မြင့် နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ ရပ်ကွက် ၁၊ ၂၊ ၃ မှ အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ စုစုပေါင်း ၅၃ဦး တို့ တက်ရောက်ကြကြောင်း သိရသည်။ **အောင်ကျော်မြင့်**

Premier League

ပရီမီယာလိဂ်ရင်ခုန်သံ - ၁၅

# စပါးကို အနိုင်ရဖို့ မလွယ်တဲ့ မန်ယူ

**အင်္ဂလန်ပရီးမီးယားလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်-၁၄ မှာတော့ မန်ယူက အဲဗာတန်နဲ့ တစ်ဂိုးစီသရေကျခဲ့ပါတယ်။ လာမယ့် ဒီဇင်ဘာ ၁၀၊ ၁၁ ရက်တွေမှာ ကျင်းပမယ့် ပွဲစဉ်-၁၅ မှာလည်း မန်ယူဟာ စပါးကို အိမ်ကွင်းမှာ ဧည့်ခံကစားရပါမယ်။ ဒီတော့ မန်ယူ အနိုင်ပြန်ရမလားဆိုတာ စောင့်ကြည့်ရမယ်။**

**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | | |
|---|---|---|
| ဆန်းချက်ဇ်(အာဆင်နယ်) | - | ၁၁ဂိုး |
| ကော်စတာ( ချယ်လ်ဆီး) | - | ၁၁ဂိုး |
| အဂူရို(မန်စီးတီး) | - | ၁၀ဂိုး |
| ဒီဖိုး( ဆန်းဒါးလန်း) | - | ၈ဂိုး |
| ဟာဇက်( ချယ်လ်ဆီး) | - | ၈ဂိုး |
| အီဗရာဟီမိုဗစ်ချ်( မန်ယူ) | - | ၈ဂိုး |



ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၁၄ | ၁၁ | ၁ | ၂ | ၃၂ | ၁၁ | ၂၁ | ၃၄ |
| ၂ | အာဆင်နယ် | ၁၄ | ၉ | ၄ | ၁ | ၃၃ | ၁၄ | ၁၉ | ၃၁ |
| ၃ | လီဗာပူး | ၁၄ | ၉ | ၃ | ၂ | ၃၅ | ၁၈ | ၁၇ | ၃၀ |
| ၄ | မန်စီးတီး | ၁၄ | ၉ | ၃ | ၂ | ၃၀ | ၁၅ | ၁၅ | ၃၀ |
| ၅ | စပါး | ၁၄ | ၇ | ၆ | ၁ | ၂၄ | ၁၀ | ၁၄ | ၂၇ |
| ၆ | မန်ယူ | ၁၄ | ၅ | ၆ | ၃ | ၁၉ | ၁၆ | ၃ | ၂၁ |
| ၇ | ဝက်စ်ဘရွန်း | ၁၄ | ၅ | ၅ | ၄ | ၂၀ | ၁၇ | ၃ | ၂၀ |
| ၈ | အဲဗာတန် | ၁၄ | ၅ | ၅ | ၄ | ၁၇ | ၁၆ | ၁ | ၂၀ |
| ၉ | စတုတ် | ၁၄ | ၅ | ၄ | ၅ | ၁၆ | ၁၉ | -၃ | ၁၉ |
| ၁၀ | ဘုန်းမောက် | ၁၄ | ၅ | ၃ | ၆ | ၁၉ | ၂၂ | -၃ | ၁၈ |
| ၁၁ | ဝက်ဖို့ဒ် | ၁၄ | ၅ | ၃ | ၆ | ၁၈ | ၂၄ | -၆ | ၁၈ |
| ၁၂ | ဆောက်သမ်တန် | ၁၄ | ၄ | ၅ | ၅ | ၁၃ | ၁၅ | -၂ | ၁၇ |
| ၁၃ | မစ်ဒယ်ဘရော့ | ၁၄ | ၃ | ၆ | ၅ | ၁၃ | ၁၅ | -၂ | ၁၅ |
| ၁၄ | ခရစ္စတယ်ပဲလေ့စ် | ၁၄ | ၄ | ၂ | ၈ | ၂၄ | ၂၆ | -၂ | ၁၄ |
| ၁၅ | ဘန်လေ | ၁၄ | ၄ | ၂ | ၈ | ၁၂ | ၂၃ | -၁၁ | ၁၄ |
| ၁၆ | လက်စတာ | ၁၄ | ၃ | ၄ | ၇ | ၁၇ | ၂၄ | -၇ | ၁၃ |
| ၁၇ | ဝက်စ်ဟမ်း | ၁၄ | ၃ | ၃ | ၈ | ၁၅ | ၂၉ | -၁၄ | ၁၂ |
| ၁၈ | ဆန်းဒါးလန်း | ၁၄ | ၃ | ၂ | ၉ | ၁၄ | ၂၄ | -၁၀ | ၁၁ |
| ၁၉ | ဟားလ်စီးတီး | ၁၄ | ၃ | ၂ | ၉ | ၁၁ | ၂၉ | -၁၈ | ၁၁ |
| ၂၀ | ဆွမ်းဆီး | ၁၄ | ၂ | ၃ | ၉ | ၁၆ | ၃၁ | -၁၅ | ၉ |

## ဝက်ဖို့ဒ် - အဲဗာတန်

ည ၇း၀၀ (၁၀-၁၂-၁၆)

ဝက်ဖို့ဒ်ခြေစွမ်းကကျဆင်းနေတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း ဝက်စ်ဘရွန်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသလို နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ် ၄ ပွဲမှာလည်း တစ်ပွဲသာနိုင်ပြီး ၃ ပွဲတိတိရှုံးနိမ့်ခဲ့ရတယ်။ ဒီပွဲမှာလည်း ဝက်ဖို့ဒ်အနေနဲ့ အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဲဗာတန်ကိုလက်ရှိခြေစွမ်းပိုင်းအရ အသာရဖို့ခက်တယ်။ အဲဗာတန်ခြေကလည်း သာမန်သာရှိပေမယ့် ဒီပွဲမှာတော့နိုင်ပွဲရသွားနိုင်တယ်။

## အာဆင်နယ် - စတုတ်

ည ၉း၃၀ (၁၀-၁၂-၁၆)

ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့် အာဆင်နယ် ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အတွက် အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအာဆင်နယ်ရဲ့ ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုရှိနေပါတယ်။ စတုတ်ကတော့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို နှစ်ပွဲဆက်အနိုင်ရခဲ့ပေမယ့်အဝေးကွင်းပွဲတွေမှာတော့ တိုက်စစ်ပိုင်းကအစအနည်းငယ်ကစားပုံကျဆင်းတတ်ပါတယ်။ ဒါကြောင့်အာဆင်နယ်ပဲနိုင်ပွဲရနိုင်ပါတယ်။

## ဘန်လေ - ဘုန်းမောက်

ည ၉း၃၀ (၁၀-၁၂-၁၆)

စတုတ်နဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့ပြီးတဲ့နောက် ဘန်လေဟာ ပရီးမီးယားလိဂ်ပြိုင်ပွဲအတွင်း ၃ ပွဲဆက်တိုက်အရေးနိမ့်သွားခဲ့တဲ့အတွက် ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာဖို့ရှိနေပါတယ်။ အထူးသဖြင့် ဘန်လေဟာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါ့အပြင် ဘုန်းမောက်ကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းကျဆင်းတတ်တာကြောင့် ဘန်လေကပ်နိုင်ခြေရှိတယ်။

## ဟားလ် - ပဲလေ့စ်

ည ၉း၃၀ (၁၀-၁၂-၁၆)

နောက်ဆုံး ကစားခဲ့တဲ့ပွဲမှာ ဆောက်သမ်တန်ကိုတောင် ဂိုးပြတ်အနိုင်ရရှိခဲ့တဲ့ ပဲလေ့စ်ခြေကကောင်းမွန်မှုရှိပါတယ်။ လက်ရှိအချိန်မှာလည်း တန်းမဆင်းရဖို့ အားစိုက်နေတာကြောင့် ပဲလေ့စ်တို့ဒီပွဲမှာရလဒ်ကောင်းဖို့လည်း အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် ဟားလ်ကလည်း တန်းမဆင်းရဖို့ အားစိုက်နေချိန်ဖြစ်တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ပဲလေ့စ်တို့ ဒီပွဲမှာနိုင်ပွဲရဖို့ခက်ခဲကာ သရေလောက်ပဲ ကစားနိုင်မယ်။

## ဆွမ်ဆီး - ဆန်းဒါးလန်း

ည ၉း၃၀ (၁၀-၁၂-၁၆)

စပါးစ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ဆွမ်ဆီးဟာလက်ရှိအချိန်မှာ အမှတ်ပေးဇယားအောက်ဆုံးကိုရောက်ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီအမ်ကွင်းပွဲမှာနိုင်ပွဲရယူနိုင်အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဆန်းဒါးလန်းကလည်းတန်းမဆင်းရဖို့ အားစိုက်နေသလို နောက်ဆုံးပွဲမှာ လက်စတာကိုတောင် အနိုင်ရခဲ့ပါတယ်။ ဒါကြောင့် ဆွမ်ဆီးသရေလောက်ပဲရမယ်။

## လက်စတာ - မန်စီးတီး

နံနက် ၀၀း၀၀ (၁၁-၁၂-၁၆)

ချယ်လ်ဆီးကိုဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် မန်စီးတီးတို့နိုင်ပွဲပြန် လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်မန်စီးတီးအနေနဲ့ ချယ်လ်ဆီးနဲ့ပွဲမှာ အနီကတ်ထိခဲ့တဲ့ အဂူရိုပါဝင်ခွင့်ရမှာမဟုတ်တာကြောင့်တိုက်စစ်ပိုင်းကအားနည်းလာနိုင်ပါတယ်။ ဒါ့အပြင် လက်စတာကလည်း တဖြည်းဖြည်း တန်းဆင်းဇုန်နဲ့နီးကပ်လာတာကြောင့် အိမ်ကွင်းမှာ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့် မန်စီးတီးသရေလောက်ပဲရမယ်။

## ချယ်လ်ဆီး - ဝက်စ်ဘရွန်း

ည ၆း၃၀ (၁၁-၁၂-၁၆)

ဝက်ဖို့ဒ်ကို ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ် ၄ ပွဲမှာ ရှုံးပွဲမရှိ ၃ ပွဲအနိုင်ရအောင်ကစားနိုင်ခဲ့တဲ့ ဝက်စ်ဘရွမ်းခြေစွမ်းပိုင်းကကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ ချယ်လ်ဆီးခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေသလို မန်စီးတီးကိုတောင် အဝေးကွင်းမှာ ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် ချယ်လ်ဆီးတို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဝက်စ်ဘရွန်း ခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့်လည်း ချယ်လ်ဆီးပဲအနိုင်ရသွားဖို့ရှိပါတယ်။

## မန်ယူ - စပါး

ည ၇း၄၅ (၁၁-၁၂-၁၆)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ နှစ်သင်းစလုံး ဥရောပပွဲတွေကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့် အရေးပါတဲ့ဆုံတွေ့မှုဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ မန်ယူက အိမ်ကွင်းအားနဲ့ဖိအားပေးနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် ဆွမ်ဆီးကိုဂိုးပြတ်အနိုင်ရခဲ့တဲ့ စပါးခြေကလည်းကောင်းမွန်မှုရှိတာကြောင့် မန်ယူနိုင်ရင်တောင်ဂိုးမပြတ်ဘူး။

## ဆောက်သမ်တန် - မစ်ဒယ်ဘရော့

ည ၇း၄၅ (၁၁-၁၂-၁၆)

ပဲလေ့စ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် ဆောက်သမ်တန်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဆောက်သမ်တန်အနေနဲ့ အိမ်ကွင်းပွဲတွေမှာကစားပုံကောင်းမွန်တတ်ပေမယ့် မစ်ဒယ်ဘရော့ကလည်း ခံကစားပုံကောင်းမွန်တာကြောင့် ဆောက်သမ်တန်တို့ နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်ရနိုင်ပါတယ်။ ယူရိုပါလိဂ်လည်း ကစားခဲ့ရမှာဖြစ်တာကြောင့် ဆောက်သမ်တန်တို့ ပွဲပန်းလာနိုင်တဲ့အတွက်ကြောင့်လည်း သရေလောက်ပဲရနိုင်မယ်။

## လီဗာပူး - ဝက်စ်ဟမ်း

ည ၁၁း၀၀ (၁၁-၁၂-၁၆)

အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် လီဗာပူးတိုနိုင်ပွဲရယူနိုင်ဖို့အား စိုက်လာမှာသေချာနေပါတယ်။ လီဗာပူးရဲ့လက်ရှိခြေကလည်း တည်ငြိမ်မှုရှိနေပါတယ်။ ဒါပေမယ့်ဝက်စ်ဟမ်းကလည်းအာဆင်နယ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်တဲ့အတွက် လီဗာပူးမထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ လီဗာပူးတို့အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်အနိုင်ရဖို့တော့ ခက်ခဲနိုင်တယ်လို့ယူဆမိပါတယ်။

# အိုဖေးလ်ကို အာဆင်နယ် ထုတ်ရောင်းသင့်

အာဆင်နယ်အသင်းအနေဖြင့် စာချုပ်သစ်လက်မှတ်ရေးထိုးဖို့ အဆင်မပြေဖြစ်နေတဲ့ ကွင်းလယ်လူ အိုဖေးလ်နေရာမှာ အသင့်အစားထိုးနိုင်မယ့် ဝီရှိုင်းယားရှိတာကြောင့် အိုဖေးလ်ကို ထုတ်ရောင်းသင့်ကြောင်းချယ်လ်ဆီးအသင်းနည်းပြဟောင်း ရေးလ်ဝီကင်လ်ကထုတ်ဖော်ပြောကြားလိုက်သည်။ အာဆင်နယ်သည် အိုဖေးလ်အား စာချုပ်သစ်ကမ်းလှမ်းထားသည်မှာ ရှစ်လခန့်ကြာမြင့်ပြီဖြစ်သော်လည်း အခုထိ အပြီးသတ်သဘောတူညီမှုရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိရာ အိုဖေးလ်အာဆင်နယ်မှ ထွက်ခွာရန် နီးစပ်နေသည်ဟု ခန့်မှန်းချက်များထွက်နေသည်။

ဝီလ်ကင်က“ကျွန်တော်သာ ဝင်းဂါးနေရာမှာဆို ဝီရှိုင်းယားကို ပြန်ခေါ်ပြီး အိုဖေးလ်ကို ထွက်ခွာခွင့်ပြုလိုက်မှာပါ။ ဝီရှိုင်းယားက ဘုန်းမောက်မှာ အငှားချကာလအတွင်း အပတ်စဉ်တိုင်း ဝင်ရောက်ကစားနေပြီး သူ့ရဲ့ကြံ့ခိုင်မှုအနေအထားကိုရော ခြေစွမ်းကိုပါ ပြသနိုင်ခဲ့ပါတယ်”ဟု တော့စပို့နှင့် အင်တာဗျူးတွင် ထည့်သွင်းဖြေကြားခဲ့သည်။

အိုဖေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်သို့ ၂၀၁၃ ခုနှစ်တွင် ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့ခြင်းကြောင့် လာမည့် ၂၀၁၈ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ အကယ်၍ အာဆင်နယ်အနေဖြင့် အိုဖေးလ်အား လမည့်ရာသီတွင် စာချုပ်သက်တမ်းတိုးမြင့်နိုင်ခြင်းမရှိလျှင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရတော့ မည်ဖြစ်သည်။

**(မေလဲ့သင်း)**

■

# အလုပ်ရှင်ထံမှ ရရန်ရှိသည့် လုပ်အားခငွေများကို အခွန်အမှုဖွင့်တောင်းခံ၍ အလုပ်သမားများအား ပြန်လည်ပေးအပ်

**လွိုင်ကော် ဒီဇင်ဘာ ၉**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တာမိုးညဲချမ်းသာသစ်အခြေခံစက်မှုလက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ထံမှ အလုပ်သမားများရရန်ရှိသည့် လုပ်အားခကျန်ငွေများကို အလုပ်ရှင်ထံ အခွန်အမှုဖွင့်လှစ်၍ တောင်းခံရယူပြီး အလုပ်သမားများသို့ ပြန်လည် ထုတ်ပေးသည့် အခမ်းအနားကို လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်ရှင်ထံမှ အလုပ်သမားများ၏ ရရန်ကျန်ရှိသော သုံးနှစ်ခန့်ရှိပြီးဖြစ်သည့် လုပ်အားခငွေများကို ရရှိအောင် အလုပ်ရှင်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်အမှုဖွင့်လှစ် ဆောင်ရွက်ခဲ့ရပုံများနှင့် ရရှိသည့်ငွေမှ အလုပ်သမားတစ်ဦးချင်း ရရှိမည့် လုပ်အားခငွေများအား ထုတ်ပေးပြီးနောက် ကျန်ရှိငွေမှ အခွန်အမှုကုန်ကျစရိတ်များ နုတ်ပယ်၍ ပိုလျှံငွေကို အလုပ်ရှင်ထံပြန်လည်ပေးအပ်သွားမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားများရှေ့မှောက်တွင် တာမိုးညဲချမ်းသာသစ်အခြေခံစက်မှုလက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်မှ အလုပ်သမား ၁၂၅ ဦး၏ လုပ်အားခကျန်ငွေ ကျပ် ၇၃၃၄ ဒသမ ၂ သိန်းကို တစ်ဦးချင်းစီအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်တို့က ပေးအပ်ခဲ့သည်။ **ကယားပြည်နယ်ပြန်/ဆက်**





## ပုဂံဗိုလ်ချုပ်ရုပ်တုဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ငါ့သရောက် ဒီဇင်ဘာ ၉**
ငါ့သရောက်မြို့ မြနန္ဒာကျောက်ထီးဘုရားအနီးတွင်တည်ရှိသော ဗိုလ်ချုပ်ရုပ်တုဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲကျင်းရန်အတွက် မြနန္ဒာ ကျောက်ထီးဘုရားအနီးတွင် ဒေသခံများ စုပေါင်းကာ သန့်ရှင်းရေးများပြုလုပ်ခြင်း၊ အခမ်းအနားအတွက် ပြင်ဆင်ခြင်းနှင့် ပုဂံဗိုလ်ချုပ်ရုပ်တု အရောင်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ပုဂံဗိုလ်ချုပ်ရုပ်တု ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက် ညပိုင်းတွင် စာပေဟောပြောပွဲ၊ ရုပ်သေးအကများဖြင့် တင်ဆက်မည်ဖြစ်ကြောင်းသိရသည်။ **တိမ်တမန်**

## မန္တလေးစက်မှုဇုန်(၂)၌ သံပန်း၊ သံတံခါးအပိုပစ္စည်းများ တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၉**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)၌ သံပန်း၊ သံတံခါးအပိုပစ္စည်း လုပ်ငန်းများ တွင်ကျယ်စွာထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့စက်မှုဇုန်မှာ ဒီလိုအရည်ကျိုပစ္စည်းတွေတွင်ကျယ်စွာ ထုတ်လုပ်ရောင်းချလျက်ရှိပါတယ်။ ကျွန်တော်တို့စက်ရုံကတော့ သံပန်း၊ သံတံခါးအပိုပစ္စည်းထုတ်လုပ်ပါတယ်။ သံကုန်ကြမ်းပစ္စည်းကလည်း ပေါတယ်။ ယခုလက်ရှိကတော့ တစ်ပိဿာ ကျပ် ၆၀၀ နဲ့ဝယ်ရပါတယ်။ သံပန်း၊ သံတံခါးအပိုပစ္စည်း ပြုလုပ်ပုံအဆင့်ဆင့်က သံကုန်ကြမ်းကို အရည်ကျို၊ ပြီးရင် လိုချင်တဲ့ပုံစံရအောင် မိုလောင်း၊ မိုလောင်းပြီးရင် အကြမ်းထည်ရပြီ၊ အကြမ်းထည်ကို တွင်ခုံမှာတင်ပြီး အချောကိုင်၊ ကော်ပတ်စား၊ ဒါဆိုဈေးကွက်အတွင်း ရောင်းလို့ရပြီ၊ ပြုလုပ်မှုအဆင့်အဆင့်အတွက် အလုပ်သမားငါးဦးမှ ၁၀ ဦးထိ အသုံးပြုရတယ်။ ထွက်ရှိတဲ့ကုန်ပစ္စည်းတွေကိုလည်း ပိဿာချိန်နဲ့ပဲ ပြန်လည်ရောင်းချပါတယ်။ အချောထည်ပစ္စည်းတွေကို တစ်ပိဿာ ကျပ် ၁၅၀၀ နဲ့ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ကို တင်ပို့ရောင်းချပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေရှိနေသ၍ ကျွန်တော်တို့ သံပန်း၊ သံတံခါး အပိုပစ္စည်းလုပ်ငန်းတွေ လုပ်ကိုင်နေရမှာပါ" ဟု စက်မှုဇုန်(၂) မှ တိုကျို အရည်ကျိုလုပ်ငန်းနှင့် သံပန်း၊ သံတံခါးအပိုပစ္စည်းစက်ရုံပိုင်ရှင် ကိုချမ်းပြည့်ဖြိုးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများပြားလာခြင်းကြောင့် သံပန်း၊ သံတံခါးအပိုပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများ မန္တလေးမြို့ စက်မှုဇုန် (၂) ၌ တွင်ကျယ်စွာ လုပ်ကိုင်၍ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေးပညာပေးဟောပြော

**ကျုံပျော် ဒီဇင်ဘာ ၉**
ဥပဒေအရ ခွင့်ပြုထားခြင်းမရှိသည့် ဆိုးဆေးပါသောအစားအစာများ၊ တာရှည်ခံဓာတုဆေးဝါးနှင့် ထုတ်လုပ်ထားသောအစားအစာများ၊သက်တမ်းလွန်သောအစားအစာများအား သိရှိစေရန် စားသုံးသူအကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့ (၂) ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း၌ ဒီဇင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့်ပြုလုပ်သော အစားအစာများ၊ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်သောရောဂါများ၊ စားသုံးသူအကာကွယ်ပေးရေးဥပဒေပါ ရရန်အခွင့်အရေးများနှင့် ပတ်သက်သည်များအား ဟောပြောခဲ့သည်။ ထို့နောက်ကျောင်းပတ်ဝန်းကျင်အနီးရှိ မုန့်ဈေးဆိုင်များအား လှည့်လည်စိစစ်ပြီး တားမြစ်စားသောက်ကုန်များ မရောင်း ချရေး၊ ဓာတုဆိုးဆေးများ အသုံးပြုခြင်းမရှိရေးတို့ကို ပညာပေးဆောင်ရွက်ခဲ့ပြီး အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများ ၂၅၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ဆောင်းသီးနှံ မတ်ပဲအထွက်နှုန်း တိုးတက်ရေးအတွက် BMPစနစ်ဖြင့် အစေ့ချခြင်းဆောင်ရွက်

**အိမ်မဲ ဒီဇင်ဘာ ၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၆ - ၂၀၁၇ ခုနှစ် ဆောင်းသီးနှံ မတ်ပဲစိုက်တောင်သူများ မတ်ပဲအထွက်နှုန်း တိုးတက်စေရေးအတွက် BMP စနစ်ဖြင့် မတ်ပဲအစေ့ချစိုက်ပျိုးနည်းစနစ်အား ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီက အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ တောင်သူ ဦးလှမြင့် ဦးပိုင်အမှတ်-၁/၁၊ ကွင်းအမှတ်-၄၄ (ခ) ညောင်ဝိုင်းမြောက် တစ်ဧကတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ ကျေးရွာများမှ မတ်ပဲစိုက်တောင်သူများ တက်ရောက်လေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး မတ်ပဲအထွက်နှုန်းတိုးတက်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန် /ဆက်**




## CB BANK - We PLAN ဝန်ဆောင်မှုစတင်

**ရန်ကုန် ဒီဇင်ဘာ ၉**
CB Bank နှင့် Samsung Myanmar တို့ ပူးပေါင်း၍ CB Bank-We PLAN အရစ်ကျပေးဝယ်ခြင်း အစီအစဉ်စတင်မိတ်ဆက်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က ရန်ကုန်မြို့ CB Bank ရုံးချုပ်၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် CB Bank ၏ Managing Director (Support) ဒေါ်နော်အယ်လ်ဖေါနှင့် Samsung Myanmar မှ Managing Director Mr. Nam Sij Ahn တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး အကျိုးတူပူးပေါင်း၍ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် CB Bank Card and Merchant Service Department ၏ General Manager ဦးဇေယျာအောင်က CB Bank-We PLAN နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီဒီယာများက မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

CB Bank- We PLAN သည် အီလက်ထရွန်နစ်နှင့် mobile phone အစရှိသည့် တန်ဖိုးကြီးပစ္စည်းများဝယ်ယူလိုသော customer များအတွက် သက်သာသောနှုန်းထားဖြင့် လစဉ်ပေးချေခြင်း ဝန်ဆောင်မှု အစီအစဉ်တစ်ခုဖြစ်သည်။ CB Bank Credit Card ကိုင်ဆောင်သူများအတွက်အထူးအခွင့်အရေးအနေဖြင့် Samsung အီလက်ထရွန်နစ်ပစ္စည်းများကို CB Bank-We PLAN အစီအစဉ်ဖြင့် ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ယင်းမာပင် ဒီဇင်ဘာ ၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဗဟုသုတများတိုးပွားရရှိစေရေးအတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား ပညာပေးကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာပထမအပတ်တွင် လည်ငေါက်ကျေးရွာရှိ တောင်သူ ဦးသာခင်၏ ကွင်းအမှတ်- ၈၈၃ (က) ဦးပိုင်အမှတ် (၂၅၄) ရှိ မိုးစပါး ဧရာမင်းစိုက်ခင်း လယ်မြေနှစ်ဧက စံပြကွက်၌ ကျင်းပခဲ့သည်။

အဆိုပါ တောင်သူပညာပေးပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာချိုက စိုက်နည်းစနစ်များအလိုက် စတင်ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် စိုက်နည်းစနစ်များအလိုက် တစ်ဧကနှုန်းအပေါ် ကုန်ကျစရိတ် ထွက်ရှိနိုင်မည့်အထွက်နှုန်း၊ ရရှိနိုင်မည့်အကျိုးအမြတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးထားသော ဧရာမင်းစိုက်ခင်းတွင် စံကွက်အရွယ်အစား ၆၆ ပေပတ်လည်အား ရိတ်သိမ်းခြွေလှေ့ရာ အစိုထွက်နှုန်း ပျမ်းမျှ ၁၁၃ တင်း၊ အခြောက်ထွက်နှုန်း ပျမ်းမျှ ၁၀၁ တင်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မေသရဖူဖူး**

# ကျောင်းစာကြည့်တိုက်များ

မြတ်စန်းငြိမ်း

စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိတဲ့ မြန်မာနိုင်ငံမှာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်း၊ အသင်းအဖွဲ့ပေါင်းစုံမှ ကြိုးပမ်းအားထုတ်နေကြပါတယ်။ သင်ကြားရေး၊ သင်ယူရေး၊ ဘဝတိုးတက်ရေးအတွက် အထောက်အကူပြုတဲ့ စာကြည့်တိုက်များ အထူးသဖြင့် အခြေခံပညာကျောင်းစာကြည့်တိုက်များ စတင်တည်ထောင်ခြင်း၊ ရှိပြီးသားစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေးနှင့် ရေရှည်တည်တံ့ အောင်မြင်စေရန် ကြိုးပမ်းခြင်းတို့ကို ကျွန်မတို့အားလုံး တက်ညီလက်ညီ ဆောင်ရွက်နေကြပါတယ်။

ဒီနေရာမှာ စိန်ခေါ်မှု အခက်အခဲတွေရှိသလို တစ်ဘက်မှာလဲ အခွင့်အလမ်းတွေ အများကြီး ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ အစိုးရကျောင်းပေါင်း ၄၀၀၀၀ ကျော်ရှိနေပြီး ကျောင်းစာကြည့်တိုက် အများစုဟာ အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်နေကြရပါတယ်။ စာကြည့်တိုက်များ၊ စာအုပ်ဗီရိုများဟာ သော့ခတ်ထားတဲ့အခြေအနေကို တွေ့နေရပါတယ်။

**အဓိကရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကတော့**

၁။ ဘဏ္ဍာငွေ ထောက်ပံ့မှု၊ ရရှိမှု

၂။ လွန်ခဲ့သော အနှစ် ၂၀၊ ၃၀၊ ၄၀ ထုတ်စာအုပ်များ

၃။ ခြစားနေသော၊ ပျက်စီးလုဖြစ်နေသော စာအုပ်များ

၄။ စာမေးပွဲစနစ်နှင့် ပြင်ပကျူရှင်များမှာ မနက်စောစောမှ ညမိုးချုပ်ထိ သင်ကြားနေရသဖြင့် ဗဟုသုတစာများ စာကြည့်တိုက်တွင် ဖတ်ရှုအချိန် မပေးနိုင်ခြင်း

၅။ စာကြည့်တိုက်ကို စနစ်တကျပြန်လည်ဖွဲ့စည်းနိုင်သည့်တိုင် ဆက်လက်ရေရှည် ရပ်တည်နိုင်ရန် ကျောင်းစာကြည့်တိုက်မှူးသီးသန့်မရှိခြင်း

၆။ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသူ၊ သားများအား စာကြည့်တိုက်ရှိ စာအုပ်များ အသုံးပြု၍ Assignment များပေးခြင်း၊ အချက်အလက်များ ရှာဖွေစေခြင်း၊ ရည်ညွှန်းစာအုပ်များ ကိုးကား၍ စာစီစာကုံးများရေးသားခြင်းများ အားနည်းခြင်း။

၇။ ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသော ကျောင်းစာကြည့်တိုက်လက်စွဲစာအုပ် မရှိခြင်း

၈။ သင်ယူမှုရလဒ်ကို ဦးတည်သော စာကြည့်တိုက်မူဝါဒ ကောင်းစွာမရှိခြင်း စတဲ့ စိန်ခေါ်မှုတွေ တွေ့ရပါတယ်။

အဲ့ဒါတွေကို ဖြေရှင်းနိုင်ဖို့၊ ကျော်လွှားနိုင်ဖို့စာကြည့်တိုက်ဆိုင်ရာ အဖွဲ့အစည်း၊ အသင်းအဖွဲ့တွေကလည်း ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ အဲဒီဆောင်ရွက်ချက်တွေထဲက မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု (INGO) ဖြစ်တဲ့ The Asia Foundationရဲ့ အထောက်အပံ့နဲ့ ကျောင်းအုပ်ကြီးများ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ပူးပေါင်းပြီး "Re-energizing School Library in Myanmar" ‘ကျောင်းစာကြည့်တိုက်များပြန်လည်ရှင်သန်တိုးတက်ရေး’ ဆိုတဲ့ စီမံကိန်းကို ၂၀၁၅-၂၀၁၆ မှာ အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါတယ်။ ရန်ကုန်မှာ သုံးကျောင်း၊ မန္တလေးမှာ တစ်ကျောင်း၊ သာစည် အ-ထ-ကနှင့် ပွင့်ဖြူ အ-ထ-က ကျောင်းတို့မှာ ကျောင်းစာကြည့်တိုက်တစ်ခု၏ အောက်ပါအခြေခံရင်းမြစ်လေးခုကို တစ်ပြိုင်နက်တည်း ပြောင်းလဲခဲ့နိုင်ပါတယ်။

**၁။ စာအုပ်စုဆောင်းမှု**

စာအုပ်အသစ်များ (သုတ+ရသ)ဝယ်ယူဖြည့်ဆည်းပေးတဲ့အခါ စာအုပ်ပေါင်း ၁၀၀၀ ခန့်စီကို စာကြည့်တိုက် ခြောက်ခုစလုံးအတွက် MLA မှ စာကြည့်တိုက်မှူးများ ကိုယ်တိုင်ရွေးချယ်ဝယ်ယူခြင်း၊ MBAPF မှ ရည်ညွှန်းစာအုပ်များနှင့် အင်္ဂလိပ်စာသင်ကြားရေး အထောက်အကူပြုစာအုပ်များ လှူဒါန်းခြင်းဖြင့် စာအုပ်အသစ်များ ပံ့ပိုးနိုင်ခဲ့ပါတယ်။

**၂။ စာကြည့်တိုက်ဝန်ထမ်း**

MLA မှ စာကြည့်တိုက်မှူးများကိုယ်တိုင် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများကို စာကြည့်တိုက်သင်တန်းပေးခြင်း၊ စာအုပ်စာရင်းသွင်းခြင်း၊ ကတ်တလောက်ရေးသွင်းခြင်းမှစပြီး စာအုပ်စင်ပေါ် တင်နိုင်တဲ့ အဆင့်အထိ ခေတ်မီစာကြည့်တိုက်တစ်ခုကို စနစ်တကျအခြေတည်ပေးခဲ့ပါတယ်။ ကျောင်းအုပ်ကြီးများဦးဆောင်ကာ စာကြည့်တိုက်လုပ်ငန်းကို အချိန်များစွာလုပ်ကိုင်နိုင်သော စာကြည့်တိုက်မှူးသင်တန်းတက်ထားသော စာကြည့်တိုက်ဝါသနာပါသော ဆရာမတစ်ဦးကို ကော်မတီအတွင်းရေးမှူးတာဝန်ထမ်းဆောင်ပြီး စာကြည့်တိုက်ကော်မတီကို ဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မိဘဆရာအသင်းဝင်တစ်ဦးကိုလည်း ကော်မတီတွင် ပါဝင်စေခဲ့ပါတယ်။

**၃။ Technology**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းမှ လှူဒါန်းထားသော ကတ်တလောက် Software ကို အသုံးပြုကာ ကွန်ပျူတာဖြင့် ကတ်တလောက်သွင်းနည်းကို ဆရာမများနှင့် ကျောင်းသားများအား သင်တန်း ပေးခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါမှာ ကျောင်းသားများကိုယ်တိုင် စာအုပ်အသစ်များကို ကွန်ပျူတာဖြင့် ကတ်တလောက်ရေးသွင်းနိုင်ကြပြီဖြစ်တယ်။

**၄။ Facilities**

သော့ခတ်မထားနိုင်သော စင်ဖွင့်စနစ် စာအုပ်စင်အသစ်များ၊ ကွန်ပျူတာများ၊ မဂ္ဂဇင်း၊ စင်များကို လှူဒါန်းပေးနိုင်ခဲ့တဲ့အပြင်၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ ကျောင်းသားဟောင်းများအသင်းမှ ကော်ဇော၊ ကုလားထိုင်၊ စားပွဲအသစ်များဖြင့် ကျောင်းသားများ ပျော်ရွှင်စွာ စာဖတ်ချင်လာအောင်၊ လာချင်စဖွယ်ဖြစ်အောင် အသွင်ပြောင်းနိုင်ခဲ့ကြပါတယ်။

**အကြံပြုဆွေးနွေးချက်**

ကျောင်းစာကြည့်တိုက်ဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများအတွက် ဉာဏ်အလုပ်ရုံဖြစ်ပါတယ်။ ဒီနေရာမှာ ကျောင်းသူ၊ ကျောင်းသားများ ရွှင်လန်းတက်ကြွစွာ ဘဝတစ်ခုလုံးအတွက် လေ့လာသင်ယူနိုင်သော နေရာတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် စာသင်ချိန် အချိန်စာရင်းမှာ ဖွံ့ဖြိုးရေးအချိန်၊ PT အချိန်များနည်းတူ စာကြည့်တိုက်အသုံးပြုချိန် တစ်ချိန်ထည့်သွင်းထားပြီး ဆရာ၊ ဆရာမများနှင့်အတူ စာရှာတတ်စေရန်၊ ရည်ညွှန်းစာအုပ်များနှင့် ရင်းနှီးစေရန် လေ့ကျင့်ပေးဖို့လိုအပ်ပါတယ်။

**ဥပမာ**

ဦးသန့်အကြောင်း စာတစ်မျက်နှာရေးရန်၊ အမျိုးသားစာဆိုကဗျာဆရာကြီး မင်းသုဝဏ်အကြောင်းရေးရန် Assignment ပေးပြီး ရည်ညွှန်းစာအုပ်များ ရှာဖွေကာ မည်သည့်စာအုပ်၊ စာမျက်နှာနံပါတ်မှာ တွေ့ရှိကြောင်းကို မှတ်သားတတ်ရန် လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။

ဆရာမများမှလည်း စာကြည့်တိုက်အသုံးပြုပုံပြုနည်း၊ စာအုပ်များကို မျိုးတူစု အမှတ်လိုက်ထားသိုနည်းများကို ယင်းစာကြည့်တိုက်အချိန်တွင် သင်ကြားပြသခြင်းဖြင့် တစ်နှစ်တာပတ်လုံး ကျောင်းသားများ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Scavenger Hunt လို့ခေါ်တဲ့ အစီအစဉ်များကို လေ့လာမှုအားကောင်းစေရန် စာကြည့်တိုက်မှူးမှ စာအုပ်များနှင့်အတူ လေ့ကျင့်ပေးသင့်ပါတယ်။ (ဥပမာ-ထောင့်မှန်စတုဂံ ပုံသဏ္ဍာန်မရှိသောအလံ၏ တိုင်းပြည်အမည်ကို ရည်ညွှန်းစာအုပ်များတွင် ရှာဖွေစေခြင်း)

> ကျောင်းစာကြည့်တိုက်ဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများအတွက် ဉာဏ်အလုပ်ရုံဖြစ်ပါတယ်။ ဒီနေရာမှာ ကျောင်းသူ၊ ကျောင်းသားများ ရွှင်လန်းတက်ကြွစွာ ဘဝတစ်ခုလုံးအတွက် လေ့လာသင်ယူနိုင်သော နေရာတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် စာသင်ချိန် . . .

မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှလည်း ကျောင်းစာကြည့်တိုက်အသင်းခွဲ ဖွဲ့စည်းရန် စီစဉ်နေကြပြီဖြစ်ပါတယ်။

နိုင်ငံတကာအတွေ့အကြုံရစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံမှ ကျောင်းစာကြည့်တိုက်မှူး ခြောက်ဦးကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ စာကြည့်တိုက်မှူးများ ဦးဆောင်၍ University of Indonesia မှာ ဒုတိယအကြိမ် ပြုလုပ်တဲ့ School Library Development in ASEAN Countries Workshop ကို ကျောင်းစာကြည့်တိုက်မှူးများနှင့်အတူ တက်ရောက်ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ASEAN ဒေသတွင်း ကျောင်းစာကြည့်တိုက်မှူးများနဲ့လည်း အတွေ့အကြုံဖလှယ်ခွင့်ရရှိပြီး မိမိတို့ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်တိုးတက်ရေးအတွက် အထောက်အကူပြုအစီအစဉ်များစွာ လေ့လာခွင့် ရခဲ့ကြပါတယ်။

ဆက်လက်အဆိုပြုဆွေးနွေးလိုတာကတော့ ကျောင်းစာကြည့်တိုက်ဆိုင်ရာ မူဝါဒများချမှတ်ပြီး ဘတ်ဂျက်ရန်ပုံငွေတိုးမြှင့်ရရှိစေဖို့ လိုအပ်ပါတယ်။ သို့မှသာ ကလေးများအတွက် လစဉ်ထုတ် စာအုပ်အသစ်များ၊ ကာတွန်းများ၊ Graded Readers များကို ဝယ်ယူစုဆောင်းနိုင်မှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနသို့လည်း ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေး စီမံချက်များ ရေးဆွဲပြီး ရန်ပုံငွေတောင်းခံခြင်းများ ပြုလုပ်သင့်ပါတယ်။

မိဘဆရာအသင်း၊ ကျောင်းသူ၊ ကျောင်းသားဟောင်းများအသင်း၊ မိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းကာ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကဗျာရေးနည်း စာရေးနည်းများကို စာဖတ်အသင်းများဖွဲ့ပြီး စာဖတ်ချင်စိတ် တိုးမြှင့်လာအောင် ဆွဲဆောင်ခြင်းတို့ကို ပုံမှန်ရက်သတ်မှတ် ပြုလုပ်ပေးဖို့လိုအပ်ပါတယ်။ ယခုအခါ ASEAN တိုင်းပြည်တိုင်းအတွက် One Country One Folktale အစီအစဉ်ကို စတင်နေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနှင့်လည်း ပါဝင်ဖို့စီစဉ်နေပြီ ဖြစ်ပါတယ်။

ထို့အပြင် ကလေးများအတွက် သုတရတနာသိုက်ကဲ့သို့သော အလားတူ ရုပ်ပြစွယ်စုံကျမ်းများ၊ တိုင်းရင်းသားပုံပြင်စာအုပ်များ၊ ကဗျာစာအုပ်များ၊ရုပ်ပြစာအုပ်များ၊ မြန်မာ-အင်္ဂလိပ်ပုံပြင်စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိပေးသော Children literature association တစ်ခုကို National Book development Board ကဲ့သို့သော အဖွဲ့အစည်း၏ အောက်မှ စီစဉ်ကာ ကလေးစာပေတိုးတက်စေရေးကို စီစဉ်ဆောင်ရွက်နိုင်လျှင် ကလေးများလက်ထဲသို့ ကလေးဖတ်စာအုပ်များစွာ ရောက်ရှိနိုင်စေမည်ဖြစ်ပါတယ်။

အခြေခံပညာကျောင်းများရဲ့ဖွဲ့စည်းပုံတွင် အချိန်ပြည့် ကျွမ်းကျင်စာကြည့်တိုက်မှူးများ ခန့်အပ်နိုင်စေရန် စာကြည့်တိုက်မှူးရာထူးတစ်နေရာ ထားရှိပေးဖို့ လိုအပ်ပါတယ်။

ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်များတွင်လည်း စာကြည့်တိုက်ပညာရပ်ကို ထည့်သွင်းသင်ကြားပေးခြင်းဖြင့် မိမိတို့တာဝန်ထမ်းဆောင်မည့် ၄၀၀၀၀ ကျော်ရှိသော ကျောင်းများတွင် အောင်မြင်တဲ့ စာကြည့်တိုက်တစ်ခုကို တည်ထောင်နိုင်မှာဖြစ်ကြောင်း နိဂုံးချုပ်ဆွေးနွေးလိုက်ရပါတယ်။



ဒိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

# ပင်လုံနှင်းဆီ

ကက-၁၃/၁၁/၂၂၅

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ

မူလတန်း၊အလယ်တန်း၊အထက်တန်း

စည်းကမ်းကောင်းသောကျောင်း
သင်ကြားမှုကောင်းသောကျောင်းဖြစ်သည်။

-ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရင့်(Ph.D, B.Ed, M.Sc, M.A)ဆရာ ဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။Study-Guideများနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။
-ဂုဏ်ထူးဦးအောင်ခိုင် (အင်္ဂလိပ်စာ)နှင့် ပါမောက္ခတွဲဖက်ပါမောက္ခ၊ ကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။
-တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက်စာမေးပွဲကြီးမေးခွန်းပုံစံ (၅) ကြိမ်လေ့ကျင့်ဖြေဆိုစေပါသည်။
-၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင်၆ဘာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာ မွေးထုတ်ပေးခဲ့ပါသည်။သိပ္ပံတွဲအောင်ချက်ရာခိုင်နှုန်း (၈၁. ၁၈)ဖြင့်အောင်မြင်ခဲ့ပါသည်။
-အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီလုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။
-ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ။အမှတ်(၆၆-ခ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph: 09-2400261, 09448541535, 09-8792106, 09250666874

## ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး(၃)ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုခြင်းနှင့် သင်းလုံးကျွတ်အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မိသားစုများမပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်
ကျင်းပမည့်အချိန်။ ။ နံနက်(၉း၀၀)နာရီ
ကျင်းပမည့်နေရာ။ ။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလ ရပ်ကွက် သာသနာ့ဟိတကာရီမ္မာရုံ။

မှတ်ချက်။ ။အစည်းအဝေးကျင်းပသည့်နေ့ရက်တွင် အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများ၏ အသက်အထောက်အထား၊ ၂၀၁၅-၂၀၁၆ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး(၃)ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် စာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်း/ အောင်လက်မှတ်မိတ္တူများကို(၂၅-၁၂-၂၀၁၆)ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါ ဖုံးနံပါတ်များနှင့် ဆက်သွယ်စာရင်းပေးကြပါရန်။

ဦးရဲမြင့် ၀၉-၅၀၀၄၁၁၀
ဒေါ်ခင်လေးမြင့် ၀၉-၅၀၇၇၈၀၃
ဒေါ်ခင်အေးဆွေ ၀၉-၇၃၉၀၃၇၈၉
ဒေါ်ခင်မာရှိန် ၀၉-၇၇၈၁၇၄၅၃၀

**အမှုဆောင်အဖွဲ့**

တူဒေးစာအုပ်တိုက်



## နှင်းဆီပန်းထဲက နတ်သူငယ်လေးနှင့် အခြားပုံပြင်များ

တက္ကသိုလ်မလေးနိုင်

လူကြီးမိဘတို့က အသိအလိမ္မာ၊ ဗဟုသုတများဖြင့် ထုံမွမ်းထားသောပုံပြင်များကို ကလေးသူငယ်၏ နားထဲမှတစ်ဆင့် နှလုံးသားထဲထိရောက်အောင် ပြောပြပြီး လူကောင်းလူတော်များဖြစ်အောင် ပြုစုပျိုးထောင်ကြလေ့ရှိသည်။ ယခုထုတ်ဝေလိုက်သည့် တက္ကသိုလ်မလေးနိုင်၏ နှင်းဆီပန်းထဲက နတ်သူငယ်လေးနှင့် အခြားပုံပြင်များစာအုပ်မှာလည်း မိမိတို့သားသမီးများကို လိမ္မာယဉ်ကျေးသည့် သားကောင်းသမီးမွန်များ ဖြစ်စေချင်သည့် မိဘများ၊ အသိအလိမ္မာကို စာပေထဲမှ ကိုယ်တိုင်ရှာဖွေဖတ်ရှုချင်သည့် ကလေးများအတွက် များစွာအထောက်အကူပြုမည့် စာအုပ်ကောင်းတစ်အုပ်...

တန်ဖိုး ၄,၀၀၀ကျပ်

အမြို့မြို့ရှိ စာအုပ်ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဌားမည်

အငှားဒုံစက်ရှုပ် ရုံ၊မြေ-(၅)ဧက
ဂိုဒေါင်-(100'x200')-၂လုံး
09-428044574

## အလုပ်သမားအလိုရှိသည်

ပြင်ဦးလွင်-မိုးကုတ်လမ်းပေါ်ရှိ စိုက်ပျိုးရေးခြံတွင် တောရှင်း၊ ပေါင်းရှင်း အပင်စိုက်လုပ်ကိုင်ရန်

(၁) နေ့စားအလုပ်သမား (စရိတ်ငြိမ်း)
(၂) လခစားအလုပ်သမား (စရိတ်ငြိမ်း)
(၃) ကေပုတ်ပြတ်အဖွဲ့အလိုရှိသည်။

ဆက်သွယ်ရန်ဖုန်း ၀၂-၃၂၈၂၇၊ ၀၂-၃၆၀၆၂၊ ၀၂-၆၃၆၅၉

**(ရုံးချိန်အတွင်းသာ ဆက်သွယ်ရန်)**

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို (၁၆-၁၂-၂၀၁၆) တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

MIC
Myanmar Imperial College

edexcel
Approved Centre No. 93679

working in partnership with
THE UNIVERSITY OF NORTHAMPTON
United Kingdom

ထွန်းတောက်လာတော့မည့် အနာဂတ်လူငယ်ခေါင်းဆောင်များအတွက်

## ပညာရေးဆွေးနွေးပွဲ

11 DEC, 2016 (Sunday)
3:00 - 5:00 PM
@MIC U Wisara Campus

Speakers:
Daw Poht Poht Kyi
Founder & Managing Director
Daw Khin Sandar Maw
DBA Programme Leader
Daw Tin Mar Soe
MBA Programme Leader

RSVP : 09 732 10001
09 4211 00222



BA (Hons)
• Business & Management
• Marketing Management
• Hospitality Management

MBA
Master of Business Administration

DBA
Doctorate in Business Administration



MIC U Wisara Campus No. 1, Zay Myauk St., Phayar Gyi Ward, Dagon Tsp., Yangon, Myanmar.

Enroll Now Jan 2017 Intake!

ဝန်းကျင်သန့်ရှင်းသာယာရေး အလေ့ကျင့်ကောင်းများ မွေးမြူပေး


တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
ဝဿန်ဦး
အဆင့်မြင့်အိမ်ရာ
"အဆင့်မြင့်မြင့်အဆင့်" နေထိုင်နိုင်မည့်အခန်းများကို
"အထူးဈေးနှုန်း" များဖြင့် (၁၂.၁၂.၂၀၁၆) ရက်မှ
